# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် ၊ အင်္ဂါနေ့ ၊ (15-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၉၉)

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်၊ ယှဉ်ပြိုင်ရသည့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင် ကြိုးစားပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ကျင်းပသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲသည် နိုင်ငံတော်ကချမှတ်ထားသည့် **"တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"**ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်ကို တပ်မတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊နိုင်ငံတော်နှင့်တပ်မတော်အပိုင်းရှိ တာဝန်ရှိသူများက လိုအပ်သည့်ဖြည့်ဆည်းမှုများကို စီမံဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ တပ်မတော်သားအားကစားသမားများအနေဖြင့်လည်း နိုင်ငံတော်နှင့်တပ်မတော်အတွက် အားကစားသမားကောင်း စိတ်ဓာတ်အပြင် အဖွဲ့အစည်းအချင်းချင်းစည်းလုံးညီညွတ်စွာပေါင်းစည်းဆောင်ရွက်တတ်ခြင်းစိတ်ဓာတ်များကို မွေးမြူသွားရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)

**စာမျက်နှာ ၁၆ ကော်လံ ၁ ➡**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# နေပြည်တော်နည်းပညာတက္ကသိုလ်နှင့် သားကောင်းရတနာများ

ယခုနှစ် နိုဝင်ဘာ ၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်များကဲ့သို့ အဆင့်မြင့်တက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန် ရည်ရွယ်ပြီး အစိုးရနည်းပညာကောလိပ်(နေပြည်တော်)ကို နေပြည်တော်နည်းပညာတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ဖွဲ့စည်းတည်ထောင်ပေးလိုက်ခြင်းဖြစ်သည်။

လက်ရှိ နည်းပညာတက္ကသိုလ်များတွင် ဖွင့်လှစ်နေသည့် ဘွဲ့သင်တန်း ၂၆ ခုအနက် လုပ်ငန်းလိုအပ်ချက်အများဆုံးဖြစ်သည့် မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရောနစ်အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ အလုပ်အကိုင်အခွင့်အလမ်းအများဆုံးပေးနိုင်သည့် သုတနည်းပညာဘာသာရပ်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဗိသုကာပညာဘာသာရပ်များမှ ပညာရှင်များမွေးထုတ်ပေးနိုင်ရန် ယခုဖွင့်လှစ်သည့် နေပြည်တော်နည်းပညာတက္ကသိုလ်တွင် အင်ဂျင်နီယာဘာသာရပ်ကြီးလေးခု၊ သုတနည်းပညာဘာသာရပ်နှင့် ဗိသုကာဘာသာရပ်အပါအဝင် စုစုပေါင်းဘာသာရပ်ခြောက်ခုကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်ကို တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံကို အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်စေရန်မှာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရန်လည်း အလွန်အရေးကြီးပါသည်။ မိမိတို့နိုင်ငံ ထာဝရအခွန့်ရှည်တည်တံ့ရှင်သန်နိုင်ရေးအတွက် မြင့်မားသည့်ပညာစွမ်းရည်နှင့် စွမ်းအားများကို တည်ဆောက်နေကြရမည်ဖြစ်သည့်အပြင် မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်၊ ကိုယ်ကျင့်သိက္ခာတရားကို တန်ဖိုးထားသည့်စိတ်များရှိရန်လည်း အထူးလိုအပ်ပေသည်။

နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားရာတွင် **နိုင်ငံတော်၏မြို့တော် ဂုဏ်အင်္ဂါရပ်နှင့်ကိုက်ညီပြည့်စုံစေပြီး နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း** ထည့်သွင်းပြောကြားသွားခဲ့သည်။

နိုင်ငံသားတစ်ယောက်အဖြစ် မွေးဖွားလာသူတိုင်းအနေဖြင့် နိုင်ငံကို ပြန်လည်အကျိုးပြုနိုင်ရန် လိုအပ်ပြီး မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ၏သားကောင်းရတနာများဖြစ်လာရန် လိုအပ်ပေသည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်နည်းပညာကျွမ်းကျင်သည့် ပညာတတ်လူငယ်များ၊ သားကောင်းရတနာများကို အဆိုပါ နေပြည်တော်နည်းပညာတက္ကသိုလ်မှ မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သလို နိုင်ငံအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲကြီးများ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာ



**မန္တလေး၊ နိုဝင်ဘာ ၁၄**

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် နှမ်းနှင့် ပဲကြီးများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် ပဲကြီးများကို ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုအခါ နှမ်းနှင့် ပဲကြီးများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"နှမ်းနဲ့ ပဲကြီးက အရင်တစ်ပတ်လောက်က အရောင်းအဝယ်သိပ်ပြီး မကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း နိုဝင်ဘာ ၇ ရက် ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း နိုဝင်ဘာ ၇ ရက် ပေါက်ဈေးမှာ ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သန်း ၁၀၀၀ ကျော် ပံ့ပိုးပေးထား

**မန္တလေး၊ နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ယခုဘဏ္ဍာနှစ် ခုနစ်လအတွင်း ငွေကျပ်သန်း ၁၀၀၀ ကျော် ခွင့်ပြုပံ့ပိုးပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ ပံ့ပိုးပေးသည့် လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ခုနစ်လအတွင်း အလုပ်သမားအမှုတွဲပေါင်း ၁၆၂၆၆ မှုရှိပြီး အများစုမှာ မမာမကျန်းမှုများ၊ ဆေးဖိုးနှင့် ဆေးရုံတက်စရိတ်များ၊ အမျိုးသမီး မီးဖွားမှုများအတွက် အများဆုံး တောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ် ၁၄၂၇ ဒသမ ၈၀၅ သန်းကို ခွင့်ပြုပံ့ပိုးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

"ဌာနကနေပြီးတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့အတွက် ကူညီဆောင်ရွက်ပေးနေတာပါ။ အခုဘဏ္ဍာနှစ် ခုနစ်လအတွင်းမှာ ငွေကျပ်သန်း ၁၀၀၀ ကျော်ကို ခွင့်ပြုပြီး ပံ့ပိုးပေးထားပါတယ်။ လူမှုဖူလုံရေးအာမခံအလုပ်သမားတွေအတွက် ငွေကြေးအကျိုးခံစားခွင့်တွေထုတ်ယူဖို့အတွက်ကို သက်ဆိုင်ရာမြို့နယ်မှာရှိကြတဲ့ လူမှုဖူလုံရေးရုံးနဲ့ လူမှုဖူလုံရေးဆေးပေးခန်းတွေမှာ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ တောင်းဆိုမှုတွေရှိလာရင် အချိန်နဲ့တစ်ပြေးညီ အကျိုးခံစားခွင့် ခွင့်ပြုငွေတွေကိုထုတ်ပေးနေတာပါ"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

အဆိုပါ လူမှုဖူလုံရေးအာမခံအလုပ်သမားများ တောင်းဆိုလာသည့် အကျိုးခံစားခွင့်များမှာ မမာမကျန်းမှု၊ မီးဖွားမှု၊ အာမခံထားသူမီးဖွားစရိတ်၊ ဖခင်ဖြစ်မှုအကျိုးခံစားခွင့်၊ ဇနီးဖြစ်သူ မီးဖွားစရိတ်၊ နာရေးစရိတ်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု အရစ်ကျစရိတ်၊ အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်း စသည့်အကျိုးခံစားခွင့်များဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။ (၁၈၅)

# ပွင့်လင်းရာသီကာလတွင် မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ပုဂံသို့ သင်္ဘောဖြင့်သွားရောက်သည့်ခရီးသည် များပြားလာ

**မန္တလေး၊ နိုဝင်ဘာ ၁၄**

ပွင့်လင်းရာသီကာလတွင် မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ပုဂံသို့ သင်္ဘောဖြင့် သွားရောက်သည့် ခရီးသည် များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း မြစ်ရေကျဆင်းလျက်ရှိသော်လည်း မြစ်အတွင်း ကုန်စည်တင်ပို့သည့် ကုန်တင်သင်္ဘောများအပါအဝင် ခရီးသည်တင်ဆောင်ပြေးဆွဲပေးနေသည့် ခရီးသည်တင်သင်္ဘောများပါ အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း၊ လက်ရှိတွင် မရမ်းခြံဆိပ်ကမ်းမှ ပုဂံသို့ သင်္ဘောဖြင့် သွားရောက်သည့်ခရီးသည် များပြားလာကြောင်း သိရသည်။

"အခုက ခရီးသွားရာသီဆိုတော့ မရမ်းခြံဆိပ်ကမ်းကနေ ပုဂံဘက်ကို သွားပြီးလည်ပတ်မဲ့ခရီးသွားတွေ ပြန်ပြီးများပြားလာပါတယ်။ အရင်ကတော့ ပုဂံဘက်ကို သွားမဲ့ခရီးသည် အနည်းငယ်လောက်ပဲရှိတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မရမ်းခြံဆိပ်ကမ်းမှ ပုဂံဘက်သို့ သင်္ဘောဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်မှာ နိုဝင်ဘာလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၃၀ ကျော်သာရှိကြောင်း၊ နိုဝင်ဘာလ ဒုတိယပတ်မှစ၍ မရမ်းခြံဆိပ်ကမ်းမှ ပုဂံသို့ လိုက်ပါစီးနင်းသည့် ခရီးသည်မှာ တစ်ရက်လျှင် ဦးရေ ၆၀ ကျော်ထိရှိပြီး များပြားလာကြောင်း သိရသည်။

မရမ်းခြံဆိပ်ကမ်းတွင် ခရီးသည်တင်သင်္ဘောအပါအဝင် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ဘိလပ်မြေ စသည့်ကုန်များကိုတင်ပို့သည့် ကုန်တင်သင်္ဘောစုစုပေါင်း အစီးရေ ၁၀၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းတုံမြို့နယ်၌ ဟွေပါဆပ်-ဆီင်င်းကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှုစစ်ဆေး

**မိုင်းတုံ နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မဲကင်းကျေးရွာအုပ်စု ဟွေပါဆပ်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဟွေပါဆပ်-ဆီင်င်းကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ဟွေပါဆပ်-ဆီင်င်း ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မနှင့် ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert နှစ်စင်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဟွေပါဆပ်-ဆီင်င်း ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ချာန်ခနကုမ္ပဏီက ဇွန်လဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက ကုန်ထုတ်လမ်းဘေးဝဲ၊ ယာရှိ မဲကင်ကျေးရွာ၊ မောက်ဇလီကျေးရွာ၊ ဆီင်င်းကျေးရွာနှင့် ဟွေပါဆပ်ကျေးရွာတို့၏ လယ်ယာဧက ၂၀၀ ကျော်မှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ပြောပြ၍ သိရသည်။ **မောင်စိုင်**

# နတ်တလင်းမြို့နယ် မှန်တန်းကြီးကျေးရွာ၌ မြေအောက်ရေရှာဖွေတိုင်းတာခြင်းဆောင်ရွက်

**နတ်တလင်း နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်တန်းကြီးကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းက မြေအောက်ရေရှာဖွေတိုင်းတာခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများက မြေအောက်ရေ တိုင်းတာရေးတာဝန်ခံအင်ဂျင်နီယာများနှင့်အတူ မှန်တန်းကြီးကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိစေရန် မြေအောက်ရေအောင်းလွှာတည်ရှိနိုင်မည့်နေရာ၊ စက်ရေတွင်းတူးဖော်ရမည့်နေရာများကို သိရှိနိုင်ရန် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာ၌ နွေရာသီရေပြတ်လပ်မှုမရှိစေရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူ၍ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) စီမံကိန်းအပိုင်း(၃)တည်ဆောက်မှု ၉၂ ရာခိုင်နှုန်းပြီးစီး



**နေပြည်တော် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် သာကေတမြို့နယ်တို့သို့ ပဲခူးမြစ်ကို ဖြတ်သန်းဆက်သွယ်တည်ဆောက်နေသည့် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) စီမံကိန်းအပိုင်း(၃)တည်ဆောက်မှုလုပ်ငန်း ၉၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ပဲခူးမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းရုံးမှ အင်ဂျင်နီယာချုပ် ဦးထွန်းလင်းထံမှ သိရသည်။

အဆိုပါတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့တို့ပူးပေါင်း၍ ဂျပန်နိုင်ငံ Joint Venture of Nippon Koei ကုမ္ပဏီကြီးက အဓိကတာဝန်ယူကာ ဆက်စပ်ကုမ္ပဏီခုနစ်ခုဖြင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပဲခူးမြစ်ကူးတံတားသစ်ကြီး တည်ဆောက်ရတာဟာ သန်လျင်ဘက်ကမ်းမှာရှိတဲ့ သီလဝါဆိပ်ကမ်းနဲ့ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ ကုန်စည်စီးဆင်းမှု အဝင်၊ အထွက်ကို အထောက်အကူပြုစေဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလမ်းကြောင်းက ရန်ကုန်မြို့ပြဧရိယာကို အတိုဆုံးချိတ်ဆက်နိုင်တဲ့ လမ်းကြောင်းတစ်ခုလဲ ဖြစ်ပါတယ်။ လာမဲ့နှစ်ပေါင်း ၂၀၊ ၃၀ မှာ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ ကုန်စည်စီးဆင်းမှုဟာ ဒီထက်ပိုပြီးများလာမယ်။ ယာဉ်ကြီးတွေကလဲ ကုန်စည်ကို ကောင်းစွာသယ်ယူပို့ဆောင်သွားလာနိုင်စေမှာဖြစ်တဲ့အတွက် အရေးမျှော်မှန်းပြီး ဆောင်ရွက်တာဖြစ်တယ်။ တံတားကြီးကို အပိုင်းသုံးပိုင်းနဲ့ခွဲပြီး တည်ဆောက်နေတာပါ။ အခုဆို သာကေတဘက်ခြမ်းမှာရှိတဲ့ စီမံကိန်းအပိုင်း(၃)က ကုန်းပေါ်မှာဖြစ်တော့ တည်ဆောက်ရတာလဲလွယ်တယ်။ ဒီအတွက် မှန်းထားတာထက်ကို တော်တော်လေးလုပ်ငန်းတွေ အောင်မြင်ပြီးစီးနေပါပြီ"ဟု တံတားဦးစီးဌာန ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းရုံးမှ အင်ဂျင်နီယာချုပ် ဦးထွန်းလင်းက ပြောပြသည်။

ပဲခူးမြစ်ကူးတံတားသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို JICA ၏ ဂျပန်နိုင်ငံချေးငွေ ဂျပန်ယန်း ၃၁ ဘီလီယံဖြင့် ၂၀၁၉ ခုနှစ် မေလက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ စီမံကိန်းအပိုင်း(၃)လုပ်ငန်းများ ၉၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ တံတားကြီးသည် ပင်မနှင့် ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းအရှည်သည် မီတာ ၃၅၀၀ ရှိပြီး ယာဉ်သွားလမ်း အသွားနှစ်လမ်း၊ အပြန်နှစ်လမ်းဖြင့် လေးလမ်းသွားဖြစ်ကာ ခံနိုင်ဝန်သည် ကားတစ်စီးချင်း ၇၅ တန်ရှိသော ကားကြီးများ သွားလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ ASH

# မကွေးမြို့နယ် သံဘိုရွာမကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းဆောင်ရွက်မှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၁၄**

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လုပ်အားခဝင်ငွေရရှိစေရန် ရည်ရွယ်၍ သံဘိုရွာမကျေးရွာ၌ Cash For Work(CFW)စီမံကိန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သံဘိုရွာမကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သော CFW စီမံကိန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် သံဘိုရွာမကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း ကုဗပေ ၆၅၄၀၀ ကို ကျေးရွာသူ၊ ကျေးရွာသားများ၏လုပ်အားဖြင့် ဩဂုတ် ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောပြ၍ သိရသည်။ **အထွေး**

# ကျေးသီးမြို့နယ် ကျေးရွာခြောက်ရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျေးသီး နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ထပ်တိုးဆောင်ရွက်မည့် ကျေးရွာခြောက်ရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကွန်ကျိုင်းကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးဟိန်းမင်းသူနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကွန်းကျိုင်းကျေးရွာ၊ မတ်ဟင်မြောင်ကျေးရွာ၊ နောင်ဟီးကျေးရွာ၊ ဝမ်မိုင်ကျေးရွာ၊ နမ့်လင်းဆိုင်ကျေးရွာနှင့် ဟိုနားကျေးရွာတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးစီကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အဆိုပါကျေးရွာခြောက်ရွာတွင် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် မြေသားလမ်းဖြန့်ကျောက်ခင်းခြင်းလုပ်ငန်းများကို ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ပြောပြ၍ သိရသည်။ **ချိုသန်းညွန့်**



# အနှစ် ၂၀ စီမံကိန်းကာလ၏မြန်မာ့စက်မှုလုပ်ငန်းများ (အပိုင်း-၁၆)

ပါမောက္ခကိုကိုအောင်



**အနှစ် ၂၀ စီးပွားရေးစီမံကိန်းကာလအတွင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၌တည်ရှိခဲ့သော ဝိဇယရုပ်ရှင်ရုံ။**

တိုးပွားလာသော လူဦးရေ၊ မြင့်မားလာသော လူနေမှုအဆင့်အတန်းတို့နှင့် လိုက်လျောညီထွေ တိုးတက်လာစေရန်အတွက် နိုင်ငံတော်၏ စီးပွားရေးကို နှစ်တိုနှစ်ရှည် စီမံကိန်းများဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ၌ စက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးက အဓိကအခန်းကဏ္ဍအနေဖြင့် ပါဝင်နေခဲ့သည်။ သမားရိုးကျ လက်မှုလယ်ယာနိုင်ငံဘဝမှ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းထူထောင်ရန် ရည်မှန်းပြီး နိုင်ငံအတွင်း၌ လိုအပ်နေသော စက်မှုလက်မှုလုပ်ငန်းကြီးငယ်အမျိုးမျိုး၊ စက်ရုံအမျိုးမျိုးကို ပြည်သူပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် ကဏ္ဍများအနေဖြင့် တတ်အားသရွေ့ တာဝန်ယူတည်ထောင် အကောင်အထည်ဖော်ခဲ့ကြသည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ကြရာ၌ ပြည်သူတို့၏ စားဝတ်နေရေး လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန် ရည်မှန်းခဲ့သကဲ့သို့ နိုင်ငံခြားသုံးငွေ ခြိုးခြံချွေတာရုံမျှသာမကဘဲ ပြည်ပပို့ကုန်ကိုပါ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားသုံးငွေ ရှာဖွေရေးအတွက် ကြိုးပမ်းခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

အဆိုပါရည်မှန်းချက်၊ လျာထားချက်များဖြင့် အနှစ် ၂၀ ရေရှည်စီမံကိန်းကာလကို ပထမမှ ပဉ္စမထိ လေးနှစ်စီမံကိန်းကာလ ငါးခုသတ်မှတ်၍ လုပ်ဆောင်ခဲ့ရာ၌ စက်မှုကဏ္ဍတွင် တစ်နှစ်ထက်တစ်နှစ်ပို၍ တိုးတက်သည့်အပိုင်းကရှိခဲ့သော်လည်း စီမံကိန်းရည်မှန်းချက်၊ လျာထားချက်များ ပြည့်မီခြင်းမရှိသည့်အဖြစ်နှင့်လည်း ရင်ဆိုင်ခဲ့ရသည်ကို တွေ့ရှိရသည်။ ပြည်သူပိုင်စက်ရုံဦးရေက တိုးပွားလာသော်လည်း ထုတ်လုပ်မှုစွမ်းအားက ပြည်တွင်းလိုအပ်ချက်ကို ပြည့်ဝအောင်ဖြည့်ဆည်းနိုင်ခြင်းမရှိခဲ့ပေ။ အချို့စက်ရုံများအနေဖြင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ခြင်းမရှိခဲ့သကဲ့သို့ တချို့ကလည်း အရှုံးနှင့်ပင် လည်ပတ်ထုတ်လုပ်ခဲ့ကြရသည်။ ပြည်ပမှတရားဝင်နည်းလမ်းဖြင့်လည်းကောင်း၊ တရားမဝင်သော နည်းလမ်းဖြင့်လည်းကောင်း ဝင်ရောက်လာကြသော စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများက မှောင်ခိုဈေးကွက်တွင် တစ်နေ့တခြားပမာဏများပြားလာကာ ပြည်တွင်းစက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုကို ယှဉ်ပြိုင်တိုက်ခိုက်ထိုးနှက်ခဲ့ကြသည်။ ထိုအချက်ကလည်း စက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးအတွက် ကြီးစွာသော အဟန့်အတားဖြစ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ထို့ပြင် စက်မှုကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေးကို နှောင့်နှေးစေသည့် ပျော့ကွက်ဟာကွက်များကလည်းရှိနေခဲ့ပြန်သည်။ စက်မှုကုန်ကြမ်းလုံလုံလောက်လောက်ကို အချိန်မီမရရှိသည့် အခက်အခဲကလည်း ကြီးမားသော အဟန့်အတားတစ်ခုဖြစ်ခဲ့သည်။ စက်အရန်ပစ္စည်းများ၊ စက်ကိရိယာများအတွက် နိုင်ငံရပ်ခြားကို အားထားနေရခြင်းမှ လွတ်ကင်းအောင် ဆောင်ရွက်မှုများရှိခဲ့သော်လည်း ပြည့်စုံအောင်မြင်ခြင်းမရှိခဲ့ပေ။ နည်းပညာနှင့် သုတေသနအပိုင်းများတွင် အားနည်းနေခဲ့သကဲ့သို့ အဓိကပံ့ပိုးမှုများဖြစ်ကြသော လျှပ်စစ်ဓာတ်အား၊ တွင်းထွက်စက်မှုကုန်ကြမ်းနှင့် ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စက်ဆီနှင့် လောင်စာထုတ်လုပ်မှုများက ကဏ္ဍအလိုက်၊ နှစ်အလိုက် တိုးတက်မှုရှိခဲ့သော်လည်း စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို အပြည့်အဝပံ့ပိုးထောက်ကူမပေးနိုင်ခဲ့ကြပေ။ တတိယလေးနှစ် စီမံကိန်းကာလအတွင်း စက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအားက တိုးတက်ခဲ့သော်လည်း စတုတ္ထလေးနှစ်စီမံကိန်းကာလတွင် ချမှတ်ထားသည့် စက်ရုံစီမံကိန်းသစ်များကို အကောင်အထည်မဖော်နိုင်ခြင်း၊ ကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ ပဉ္စမလေးနှစ်စီမံကိန်းကာလ၏ ပထမနှစ်တွင် ပြည်သူပိုင်စက်မှုကဏ္ဍ၌ အရှုံးပေါ်လာခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ စက်မှုကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးကို ရှေးရှု၍ ကျင့်သုံးလုပ်ဆောင်ခဲ့သော ဆုပေးဒဏ်ပေးစနစ်၊ စံပြစက်ရုံနှင့် စံပြလုပ်သားများ ရွေးချယ်ချီးမြှင့်ခြင်း၊ ဆုကြေးများ ချီးမြှင့်ခြင်း စသောဆွဲဆောင်မှုများကို ပြုလုပ်ခဲ့သော်လည်း စက်မှုကုန်ထုတ်စွမ်းအားက လိုလားတောင့်တ မျှော်မှန်းခဲ့သည့်အတိုင်း ပြည့်ဝအောင်မြင်မှုမရှိဘဲ ဖြစ်နေခဲ့သည်။

**အနှစ် ၂၀ စီးပွားရေးစီမံကိန်းအပေါ် ဆန်းစစ်ချက်**

မြန်မာနိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ ကိုးနှစ်တာကာလအတွင်း တိုးတက်မှုနှုန်းက နှေးကွေးနေခဲ့သည်။ စက်မှုလက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုက တစ်နှစ်လျှင် ပျမ်းမျှ ၃ ဒသမ ၄ ရာခိုင်နှုန်းခန့်သာ တိုးတက်ခဲ့သည်။ စီးပွားရေးနယ်ပယ်တွင် နိုင်ငံခြားသားအရင်းရှင်များနှင့် မြန်မာနိုင်ငံသား တိုင်းရင်းသားအရင်းရှင်၊ မြေရှင်များ၏ အခြေခံစီးပွားရေးစခန်းများကို ဖျက်သိမ်းနိုင်ခဲ့သော်လည်း နိုင်ငံ၏စီးပွားရေးအခြေအနေမှာ တည်ငြိမ်မှုမရှိခဲ့ပေ။ စီးပွားရေးကဏ္ဍအသီးသီးတွင် အားနည်းချက်နှင့် ဟာကွက်များရှိနေခဲ့ရာ ထိုအားနည်းချက်နှင့် ဟာကွက်များကို ပြုပြင်နိုင်ရန် ၁၉၇၁ ခုနှစ် ဇွန် ၂၈ ရက်မှ ဇူလိုင် ၁၁ ရက်ထိ ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပထမအကြိမ် ပါတီညီလာခံက ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးစီမံကိန်း လမ်းညွှန်မှုများနှင့် အစီရင်ခံစာကို အတည်ပြုပြဋ္ဌာန်းပြီး တိုင်းရင်းသားအားလုံး၏စီးပွားရေးကို စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ရန် ချမှတ်ပေးခဲ့သည်။ ထို့ပြင် အခြေခံထားရမည့် နှစ်တိုနှစ်ရှည် စီးပွားရေးမူဝါဒများကိုလည်း ၁၉၇၂ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ ကျင်းပသည့် စတုတ္ထအကြိမ် ပါတီဗဟိုကော်မတီအစည်းအဝေးက ဆုံးဖြတ်အတည်ပြုပေးခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံလျက် အနှစ် ၂၀ အတွင်း နှစ်တိုလေးနှစ်စီမံကိန်း ငါးခုဖြင့် အကောင်အထည်ဖော်ရန် သတ်မှတ်ခဲ့ရာ ထိုသတ်မှတ်ချက်အတိုင်း နှစ်တိုလေးနှစ်စီမံကိန်းများ၏ ရည်မှန်းချက်၊ လျာထားချက်များကို နှစ်စဉ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ခဲ့သည်။

အနှစ် ၂၀ နှစ်ရှည်စီမံကိန်းသည် အသေးစိတ်ရေးဆွဲထားသော စီမံကိန်းမဟုတ်ဘဲ စီးပွားရေးမဟာဗျူဟာ ရည်မှန်းချက်များကို ယေဘုယျသတ်မှတ်ထားသောစီမံကိန်းမျှသာလျှင်ဖြစ်ခဲ့သည်။ အနှစ် ၂၀ ကာလအတွင်း ဆိုရှယ်လစ်စီးပွားရေးနှင့် ဆိုရှယ်လစ်လူ့ဘောင်ကို ထူထောင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေခံအဆောက်အအုံများ အခြေတည်မိစေရန် ရည်ရွယ်ပြီး စီးပွားရေးပိုင်ဆိုင်မှုပုံစံကို ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတို့အတွက် ခွဲဝေသတ်မှတ်ပေးထားကာ ဘက်စုံစီးပွားရေးပုံစံသို့ ကူးပြောင်းရန် ရည်မှန်းထားခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ဆိုရှယ်လစ်စီးပွားရေးစနစ် ထူထောင်အောင်မြင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေးဖူလုံစေရန်အတွက် စက်မှုလက်မှုကဏ္ဍအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကတွန်းအားပေးဆောင်ရွက်ရမည်ဟု ခံယူသည့်အတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက အချက် ၂၀ ပါရှိသော နှစ်ရှည်စက်မှုလက်မှု မူဝါဒကိုလည်း ချမှတ်ပေးခဲ့သည်။ လယ်ယာလုပ်ငန်းများကိုအခြေခံသည့် နိုင်ငံအဖြစ်မှ လယ်ယာကိုအခြေခံသော စက်မှုလက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းထူထောင်ရေးတွင် အဓိကတာဝန်ရှိသော စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးက အနှစ် ၂၀ စီမံကိန်းကာလအတွင်း တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးထဲတွင် ရာခိုင်နှုန်းအများဆုံးပါဝင်လာစေရန်လည်း ရည်မှန်းခဲ့ခြင်းဖြစ်သည်။

> ❖ အနှစ် ၂၀ နှစ်ရှည်စီမံကိန်းသည် အသေးစိတ်ရေးဆွဲထားသော စီမံကိန်းမဟုတ်ဘဲ စီးပွားရေးမဟာဗျူဟာ ရည်မှန်းချက်များကို ယေဘုယျသတ်မှတ်ထားသော စီမံကိန်းမျှသာလျှင်ဖြစ်ခဲ့သည်။ အနှစ် ၂၀ ကာလအတွင်း ဆိုရှယ်လစ်စီးပွားရေးနှင့် ဆိုရှယ်လစ်လူ့ဘောင်ကို ထူထောင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေခံအဆောက်အအုံများ အခြေတည်မိစေရန်ရည်ရွယ်ပြီး စီးပွားရေးပိုင်ဆိုင်မှုပုံစံကို ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတို့အတွက် ခွဲဝေသတ်မှတ်ပေးထားကာ ဘက်စုံစီးပွားရေးပုံစံသို့ ကူးပြောင်းရန် ရည်မှန်းထားခဲ့ခြင်းဖြစ်သည်။ ❖

ထိုခံယူချက်၊ ရည်မှန်းချက်တို့ဖြင့် ချမှတ်ခဲ့သော နှစ်ရှည်စက်မှုလက်မှုမူဝါဒတွင် အဓိကအားဖြင့် ပြည်တွင်းထွက် သယံဇာတပစ္စည်းများနှင့် လယ်ယာထွက်ကုန်ကြမ်းမှ ကုန်ချောဖြစ်လာစေမည့် စက်မှုလက်မှုလုပ်ငန်းများကို တည်ထောင်ရန်နှင့် လက်ရှိ စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်နှင့် အခြားယာဉ်များအတွက် လိုအပ်သောစက်အရန်ပစ္စည်းနှင့် တပ်ဆင်ပြုပြင်ရေးကိရိယာများ ထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန် ညွှန်ကြားထားခဲ့သည်။

အနှစ်ချုပ်အားဖြင့် စက်မှုလက်မှုလုပ်ငန်းများက စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကိုသာမက စက်နှင့်စက်အရန်ပစ္စည်း၊ အပိုပစ္စည်းများကိုပါ ထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ပြင် စက်မှုလက်မှုကော်ပိုရေးရှင်းများက ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေးကိုဦးတည်ပြီး အကျိုးအမြတ်ရရှိစေရန်အတွက် စီးပွားရေးဆန်ဆန် လုပ်ကိုင်ကြရန်၊ ပြည်တွင်းထုတ် စက်မှုကုန်ကြမ်းများကို အသုံးပြုနိုင်သော စက်ရုံအလုပ်ရုံများ တည်ထောင်ရန်၊ ပြည်သူပိုင် စက်ရုံအလုပ်ရုံများတွင် ရုပ်ပိုင်းဆိုင်ရာဆွဲဆောင်မှုပေးခြင်း၊ ချီးမြှင့်ခြင်း၊ ထိုက်သင့်သော အပြစ်ဒဏ်ပေးခြင်း စသည့် ဆုပေးဒဏ်ပေးစနစ်ကို အသုံးပြုရန်လည်း ချမှတ်ညွှန်ကြားထားခဲ့သည်။

စက်မှုလက်မှုဆိုင်ရာ နှစ်တိုနှစ်ရှည်မူဝါဒချမှတ်ထားသည့်အတိုင်း လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများကို ၁၉၇၁-၁၉၇၂ ခုနှစ်မှစ၍ ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍတို့က ခွဲဝေတာဝန်ယူလျက် အကောင်အထည်ဖော်ခဲ့ကြသည်။ ရေရှည် အနှစ် ၂၀ စီမံကိန်း၏ ပထမလေးနှစ်တာ စီမံကိန်းကာလကို ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ သတ်မှတ်ပြီး ထိုသတ်မှတ်ကာလအတွင်း စီမံကိန်းလျာထားချက်များကို ပြည့်မီအောင် အကောင်အထည်ဖော် လုပ်ဆောင်နေစဉ်အတွင်းမှာပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြဋ္ဌာန်း၍ ပြည်သူ့လွှတ်တော်ကို ရွေးချယ်တင်မြှောက်ကာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အဖြစ် စနစ်သစ်အုပ်ချုပ်ရေးအသွင်သို့ ကူးပြောင်းခဲ့သည်။ မူလသတ်မှတ်ထားသော ပထမလေးနှစ် စီမံကိန်းကာလကိုလည်း ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်သတ်မှတ်ခဲ့သည့်အတွက် ပထမလေးနှစ်စီမံကိန်းကာလက နှစ်နှစ်ခွဲမျှသာရှိခဲ့သည်။

ပထမလေးနှစ် စီမံကိန်းကာလသည် သက်တမ်းအားဖြင့် နှစ်နှစ်ခွဲမျှသာရှိသည့်အပြင် နှစ်တိုနှစ်ရှည် စီမံကိန်းများကို စတင်အကောင်အထည်ဖော်သောကာလလည်းဖြစ်သည်။ ထို့ကြောင့်ပင် စက်မှုလက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပမာဏကို တိုးမြှင့်ခြင်းမပြုဘဲ တည်ဆောက်ဆဲစက်ရုံများကို အမြန်ဆုံးပြီးစီးစေလျက် ရှိရင်းစွဲကုန်ထုတ် အရင်းအနှီးကို လျော့နည်းပြုန်းတီးမသွားစေရန်အတွက်သာ ဆောင်ရွက်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ချင်းပြည်နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံ ရှစ်မျိုးကို မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှု စတင်ဆောင်ရွက်နေ

**ဟားခါး နိုဝင်ဘာ ၁၄**

ချင်းပြည်နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအပါအဝင် သီးနှံရှစ်မျိုးကို မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှု စတင်ဆောင်ရွက်နေကြောင်း ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချင်းပြည်နယ်တွင် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှုအနေဖြင့် မြေပဲ၊ နေကြာ၊ ကုလားပဲ၊ အစေ့ထုတ်ပြောင်း၊ ဆီမုန်ညင်း၊ အာလူး၊ ဂျုံ၊ စားတော်ပဲတို့၌ သီးနှံရှစ်မျိုး စိုက်ဧက ၉၀၈ ဧကကို နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလမှာ ချင်းပြည်နယ်အတွင်း နေကြာ၊ မြေပဲ၊ ကုလားပဲ၊ အစေ့ထုတ်ပြောင်း၊ ဆီမုန်ညင်း၊ အာလူး၊ ဂျုံ၊ စားတော်ပဲကို ၉၀၈ ဧကစာ မျိုးကောင်းမျိုးသန့်တွေ ဖြန့်ဝေပေးပါတယ်။ ဒါ့ပြင် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီကလဲ တောင်သူတွေအတွက် မိုးစပါးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်စေဖို့ စပါးမျိုးကောင်းမျိုးသန့် ခုနစ်မျိုးကို ဧက ၉၀၀ စာ ဖြန့်ဖြူးပေးခဲ့တယ်။ မိုးနေကြာနဲ့ အစေ့ထုတ်ပြောင်း စိုက်ပျိုးတဲ့ တောင်သူတွေကိုလဲ မျိုးတွေ အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်" ဟု ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြသည်။

ချင်းပြည်နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံအလိုက် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၈၅ ဧက၊ နေကြာ ၁၁၂ ဧက၊ ကုလားပဲ ၃၅ ဧက၊ အစေ့ထုတ်ပြောင်း တစ်ဧက၊ ဆီမုန်ညင်း ၁၀ ဧက၊ အာလူး ၂၂၅ ဧက၊ ဂျုံဧက ၂၄၀၊ စားတော်ပဲဧက ၂၀၀ စုစုပေါင်း ၉၀၈ ဧက စိုက်ပျိုးလျက်ရှိကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းရှူး နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝမ်ဆော့ကျေးရွာအုပ်စု ဝမ်ဆော့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ကော်မတီဝင်များနှင့်အတူ ဝမ်ဆော့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်ဆော့ကျေးရွာ၌ လမ်းအရှည် နှစ်ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၅ ဒသမ ၇၈၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် သူရိယအားမာန်ကုမ္ပဏီက ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကုန်ထုတ်လမ်းဘေးဝဲယာရှိ လယ်ယာဧက ၁၀၀ ကျော်မှထွက်ရှိသည့် လယ်ယာထုတ်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**စိန်လွင်**

# ဆောင်းဦးနိဒါန်းအလှပန်း

\- မြောက်ပြန်လေ ကလူနွဲ့တော့
နယ်ချဲ့လို့ ပင့်ကာချီ၊
ငွေရောင်လွှာ နှင်းမှုန်ဖျန်း
အေးချမ်းလေပြီ၊
နှင်းပုလဲတို့ ဝေ့ဝိုက်သီ
ဝသုန်မြေဆီ ကြဲဖြန့်ခင်း၊
ပန်းရောင်စုံ ဖူးပွင့်လို့
ထူးတင့်ကြိုင်သင်း။

\- ဆောင်းဘုရင် ငွေရောင်ဝင်းပ
သင်းမြမြ မွှေးထုံကာ၊
အမြင့်စံ သဇင်ပန်း
တင့်ဆန်းဝေဆာ၊
ဆောင်းနိဒါန်း အလှဖြာ
ပွင့်ရှာကြ အသွင်ထူး၊
မြိုင်ရဂုံ ဂုဏ်ရှိန်တောက်
နှင်းသောက်ကာမြူး။

\- ရောင်စုံဖြာ ဖူးပွင့်ကြ
ထူးတင့်စွ သစ်ခွအစုံ၊
ပင်မြင့်ယံ ဝတီဖျား
တိမ်များသို့ပုံ၊
ငွားငွားစွင့် သူ၏ဂုဏ်
သင်းပျံ့ထုံ အလှပန်း၊
ဆောင်းရာသီ ဟေမာန်ရောက်တော့
ဖြိုးမောက်ပွင့်လန်း။ ။

**ရွှေတိုး(ထုံးဘို)**

# သဲကုန်းမြို့နယ်၌ ကျေးရွာသုံးရွာကို VDP စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**သဲကုန်း နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ကြပ်နားကျေးရွာ၊ အင်ပင်လှကျေးရွာနှင့် ကျောင်းကုန်းကျေးရွာအတွက် VDP စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက်နံနက်ပိုင်းက သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးရန်ရှင်းအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာသုံးရွာမှ ကော်မတီဝင်များကို ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **အေးမြတ်**

## နိုင်ငံတကာ သတင်းများ

# ဆော်ဒီခရီးစဉ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးနှင့် ဒေသတွင်းလုံခြုံရေးကိစ္စများကို တရုတ်သမ္မတ ဦးစားပေးဆွေးနွေးမည်



**ရီယာ့ဒ် နိုဝင်ဘာ ၁၄**

ဆော်ဒီအာရေဗျ ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်- ဆော်ဒီအာရေဗျနှစ်နိုင်ငံ ကုန်သွယ်မှု ဆက်ဆံရေးကိစ္စနှင့် ဒေသတွင်း လုံခြုံရေးကိစ္စများကို ဦးစားပေးဆွေးနွေးမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျတာဝန်ရှိသူများ၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဆော်ဒီအာရေဗျနိုင်ငံသို့ ယခုနှစ် ဒီဇင်ဘာလအတွင်း လာရောက်ဖွယ်ရှိကြောင်း ဆော်ဒီအာရေဗျအစိုးရ သတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်နှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးကိစ္စများ၊ ဒေသတွင်းလုံခြုံရေးပြဿနာများကို အဓိက ဆွေးနွေးမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး အဒဲလ်အယ်လ်ဂျူဘီအာက ထုတ်ဖော်ပြောကြားထားသည်။

သို့သော် သမ္မတ ရှီကျင့်ဖျင်၏ ဆော်ဒီအာရေဗျခရီးစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ဈေးကွက်အတွင်းသို့ ရေနံဖြည့်ဆည်းမှု အပြောင်းအလဲများကြောင့် ဆော်ဒီအာရေဗျနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် ဆော်ဒီအာရေဗျသို့ သွားရောက်ရန် တရုတ်သမ္မတက စီစဉ်ထားခြင်းဖြစ်သည်။

ပင်လယ်ကွေ့အာရပ်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာခြင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရက စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း သိရသည်။

KKO

# ဆာဂေးလက်ဗရော့ဗ် ဆေးရုံတက်ရမှုသတင်းကို သတင်းမှားအဖြစ် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပယ်ချ

**မော်စကို နိုဝင်ဘာ ၁၄**

ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရန် ဘာလီကျွန်းသို့ ရောက်ရှိနေသော ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်ဆေးရုံတက်နေရသည်ဆိုသောသတင်းကို ရုရှားနိုင်ငံက ယနေ့တွင် သတင်းမှားအဖြစ် ပယ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေးလက်ဗရော့ဗ်သည် ဂျီ-၂၀ ထိပ်သီးညီလာခံတက်ရန် ဘာလီကျွန်းသို့ ရောက်ရှိခဲ့ပြီးနောက် နှလုံးပြဿနာတစ်ရပ်ကြောင့် ဆေးရုံတင်ထားရကြောင်း အင်ဒိုနီးရှားသတင်းအရင်းအမြစ်များက သတင်းထုတ်ပြန်ထားသည်။

သို့သော် အဆိုပါသတင်းမှာ အခြေအမြစ်မရှိသည့် သတင်းမှားတစ်ခုသာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ပြောကြားခဲ့သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ အင်ဒိုနီးရှား တာဝန်ရှိသူများက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေးလက်ဗရော့ဗ်သည် သမ္မတ ပူတင်ကိုယ်စား ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲများတက်ရောက်ရေးအတွက်နိုဝင်ဘာ ၁၃ ရက်က ဘာလီကျွန်းသို့ ရောက်ရှိခဲ့သည်။

ဆာဂေးလက်ဗရော့ဗ်အနေဖြင့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲများ၌ ယူကရိန်းပြဿနာကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

KKO

# သမ္မတအထူးလေယာဉ်ကို မက္ကဆီကိုစစ်ဘက်ပိုင်လေကြောင်းလိုင်းတစ်ခုသို့ အငှားချထားရန် လိုပက်ဇ်အော်ဘရေဒေါ ကြိုးစား

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၄**

မက္ကဆီကိုသမ္မတ လိုပက်ဇ်အော်ဘရေဒေါသည် ယခင်သမ္မတများအသုံးပြုခဲ့သည့် သမ္မတ အထူးလေယာဉ်ကိုမက္ကဆီကိုစစ်ဘက်ပိုင်လေကြောင်းလိုင်းတစ်ခုသို့ အငှားချထားရန် ကြိုးစားနေကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။



ခြိုးခြံချွေတာရေးဝါဒကို အားပေးသည့် သမ္မတ လိုပက်ဇ်အော်ဘရေဒေါသည် ဘိုးအင်း-၇၈၇ ဒရမ်းလိုင်နာအမျိုးအစား အဆိုပါလေယာဉ်ကိုမလိုအပ်ဘဲ နိုင်ငံဘဏ္ဍာအလွန်အကျွံသုံးစွဲမှုများ၏ သင်္ကေတအဖြစ်မှတ်ယူထားကြောင်း သိရသည်။

သမ္မတ လိုပက်ဇ်အော်ဘရေဒေါသည် ၎င်း၏ရွေးကောက်ပွဲကတိအတိုင်း အဆိုပါလေယာဉ်ကို ရောင်းချရန် ကြိုးစားခဲ့သော်လည်း ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ သန်း ၁၃၀ ကြောင့် ဝယ်သူရှာရန် အခက်တွေ့ခဲ့ရသည်။

သို့သော် သမ္မတအထူးလေယာဉ်ကို အထူးခရီးစဉ်များ ပုံသန်းပြေးဆွဲရေးအတွက် မက္ကဆီကိုစစ်ဘက်၏ မက္ကဆီကာနာဒီအဗီရာဆီယွန်လေကြောင်းလိုင်းသို့ အငှားချမည်ဖြစ်ကြောင်း သမ္မတလိုပက်ဇ်အော်ဘရေဒေါက ပြောကြားထားသည်။

မိမိအနေဖြင့် ရွေးကောက်ပွဲအနိုင်ရခဲ့ပါက အဆိုပါလေယာဉ်ကို ရောင်းချ၍ ရရှိသည့်ငွေကြေးများအား ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ သုံးစွဲမည်ဖြစ်ကြောင်း လိုပက်ဇ်အော်ဘရေဒေါက မက္ကဆီကိုသမ္မတရွေးကောက်ပွဲမဆွယ်ကာလ၌ ကတိပေးထားသည်။

လက်ရှိအချိန်တွင် မိမိအနေဖြင့် သမ္မတ အထူးလေယာဉ်ကို မိသားစုနှင့်အတူ အထူးခရီးစဉ်ထွက်လိုသူများအတွက် ငှားရမ်းပေးရန် စီစဉ်ထားသည်ဟု မက္ကဆီကိုသမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# တူရကီနိုင်ငံ အစ္စတန်ဘူလ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား လူ ခြောက်ဦးသေဆုံး၍ ၈၁ ဦး ဒဏ်ရာရရှိ

**အစ္စတန်ဘူလ် နိုဝင်ဘာ ၁၄**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ လူစည်ကားသောလမ်းမတန်းတစ်ခု၌နိုဝင်ဘာ ၁၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံး၍ လူအမြောက်အမြားဒဏ်ရာများရခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုအတွင်း လူ ခြောက်ဦးသေဆုံးခဲ့ရပြီး ၈၁ ဦး ဒဏ်ရာများရခဲ့ကြောင်း တူရကီ တာဝန်ရှိသူများက အတည်ပြုထားသည်။

ယင်းဗုံးပေါက်ကွဲမှုအတွက် ကာ့ဒ်လူမျိုးလက်နက်ကိုင်များကို တူရကီအစိုးရက အပြစ်တင်ထားပြီး ဗုံးခွဲမှုတွင် ပါဝင်ပတ်သက်သူများအဖြစ် ယူဆရသူ ၄၇ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ယနေ့ဗုံးကွဲမှုအတွက် တာဝန်ရှိသူများမှာ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)နှင့် ဆီးရီးယားအခြေစိုက် ကာ့ဒ်ဝိုင်ပီဂျီပြည်သူ့စစ်အုပ်စုတို့ဖြစ်ကြကြောင်း တူရကီအစိုးရ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

တူရကီနိုင်ငံသည် ၂၀၁၅ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြားကာလများအတွင်းကလည်း ဗုံးခွဲတိုက်ခိုက်မှုများနှင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရဖူးသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုများအနက် အချို့ကိုအစ္စလာမ်မစ် အကြမ်းဖက်အုပ်စု(အိုင်အက်စ်)က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အချို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးအတွက် ကြိုးစားနေသည့် ကာ့ဒ်လက်နက်ကိုင်များက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



# အိန္ဒိယ၌ ယခုနှစ်ဂျုံစိုက်ရာသီတွင် ဂျုံစိုက်လယ်မြေပမာဏ ၉ ဒသမ ၇ ရာခိုင်နှုန်း ပို၍မြင့်တက်

**ဒေလီ နိုဝင်ဘာ ၁၄**

အိန္ဒိယ လယ်သမားများသည် လက်ရှိဂျုံစိုက်ရာသီ စတင်ချိန် အောက်တိုဘာလမှစ၍ မြေဟက်တာပေါင်း ၄ ဒသမ ၅ သန်း၌ ဂျုံများစိုက်ပျိုးခဲ့ကြကြောင်းရိုက်တာသတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယလယ်သမားများ၏ ယခုနှစ် ဂျုံစိုက်လယ်မြေပမာဏသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၇ ရာခိုင်နှုန်းပို၍ မြင့်တက်လာကြောင်း အိန္ဒိယအစိုးရစိုက်ပျိုးရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံ၌ ဂျုံကိုအဓိကအားဖြင့် မြောက်ပိုင်းပြည်နယ်များဖြစ်ကြသည့် ပန်ဂျပ်ပြည်နယ်၊ ဟာယာနာပြည်နယ်၊ဥတ္တရပရာဒေ့ရှ်ပြည်နယ်နှင့် အလယ်ပိုင်းဒေသပြည်နယ်တစ်ခုဖြစ်သည့်မဒရာပရာဒေ့ရှ်ပြည်နယ်များ၌ စိုက်ပျိုးကြသည်။

အောက်တိုဘာနှင့်နိုဝင်ဘာလများအတွင်း ရွာသွန်းခဲ့သည့်မိုးကြောင့် မြေဆီလွှာအစိုဓာတ်အဆင့်မြင့်တက်လာခဲ့ရာ လယ်သမားများအနေဖြင့် ဂျုံအတွက် စိုက်ပျိုးမြေတိုးချဲ့နိုင်ခဲ့ကြောင်း အိန္ဒိယဂျုံစိုက်လယ်သမားများ၏အဆိုအရ သိရသည်။

အိန္ဒိယနိုင်ငံသည် ဂျုံကိုနှစ်စဉ် အောက်တိုဘာလမှ နိုဝင်ဘာလကြားကာလအတွင်း တစ်ရာသီသာ စိုက်ပျိုးခဲ့ပြီး မတ်လတွင် ရိတ်သိမ်းလေ့ရှိသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ဒုတိယမြောက် ဂျုံအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နှစ်ကိုးမုန်တိုင်းဒဏ်ခံခဲ့ရပြီး အသေးစားထိခိုက်ပျက်စီးမှုတစ်ခုရှိခဲ့သည့်တိုင် အားတီးမစ်-၁ မစ်ရှင်ကို မူလအစီအစဉ်အတိုင်းလွှတ်တင်ရန် နာဆာ စီစဉ်



**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)သည် နစ်ကိုး ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရပြီး အသေးစားထိခိုက်ပျက်စီးမှုတစ်ခုရှိခဲ့သည့်တိုင် အားတီးမစ်-၁ မစ်ရှင်ကို မူလအစီအစဉ်အတိုင်း နိုဝင်ဘာ ၁၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၃ ရက်က ရေးသားတင်ပြထားသည်။

မိမိတို့အနေဖြင့် အားတီးမစ်-၁ မစ်ရှင်ကို မူလစီစဉ်ထားသည့်အတိုင်း နိုဝင်ဘာ ၁၆ ရက်တွင် လွှတ်တင်ရန် ကြိုးစားမည်ဖြစ်ကြောင်းနာဆာတာဝန်ရှိသူများက ပြောကြားထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်အရ အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လအနီးသို့ပို့ဆောင်ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်သည် SLS ဒုံးပျံ၏ ပထမဆုံးမစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

နာဆာသည် SLS ဒုံးပျံကို တည်ဆောက်ရာတွင် တစ်နာရီ လေတိုက်နှုန်း မိုင် ၈၀ ထိ ခံနိုင်ရည်ရှိရန် ပုံစံထုတ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် နစ်ကိုး ဆိုင်ကလုန်းမုန်တိုင်း အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စတင်အားစုစည်းနေချိန် နိုဝင်ဘာ ၄ ရက်က SLS ဒုံးပျံနှင့်အိုရီယွန်အာကာသယာဉ်တို့ကို ကနေဒီ အာကာသစခန်းပစ်စင်ဆီသို့ ပို့ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။ KKO

## တီယန်ကျိုး-၅ အာကာသ ကုန်တင်ယာဉ်အတွင်းသို့ ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများ ဝင်ရောက်ခဲ့

**ပေကျင်း နိုဝင်ဘာ ၁၄**

တရုတ်နိုင်ငံ၏ တီယန်ကောင်း အာကာသစခန်းယာဉ်ပေါ်မှ ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများသည် နိုဝင်ဘာ ၁၃ ရက်က တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်အတွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက နိုဝင်ဘာ ၁၃ ရက်က ရေးသားတင်ပြထားသည်။

ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများသည် တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်၏ လေလုံပေါက်ဖွင့်ပြီးပြီးချင်း ၎င်းအာကာသကုန်တင်ယာဉ်အတွင်းဝင်ရောက်ခဲ့ပြီး ကုန်ပစ္စည်းများရွှေ့ပြောင်းနေရာချမှုနှင့် အခြားဆက်စပ်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



တရုတ်နိုင်ငံသည် တီယန်ကျိုး-၅ အာကာသ ကုန်တင်ယာဉ်ကို နိုဝင်ဘာ ၁၂ ရက်က လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး နှစ်နာရီခန့်အကြာမှာပင် တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်းအာကာသစခန်း၏ တီယန်ဟီပင်မကိုယ်ထည်၌ ဆိုက်ကပ်နိုင်ခဲ့ကြောင်း သိရသည်။

တီယန်ကျိုးအာကာသကုန်တင်ယာဉ်စနစ်သည် တီယန်ကောင်း အာကာသစခန်းစီမံကိန်း၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။

တရုတ်နိုင်ငံသည် လာမည့်အနာဂတ်၌တီယန်ကောင်းအာကာသစခန်းသို့ တီယန်ကျိုးအာကာသကုန်တင်ယာဉ်များကို ခြောက်လတစ်ကြိမ် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။ KKO

## နာဆာ၏ CAPSTONE လပတ်လမ်းကင်းထောက်ဂြိုဟ်တုက NRHO လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ CAPSTONE လပတ်လမ်းကင်းထောက်ဂြိုဟ်တုသည် NRHO ခေါ် လပတ်လမ်းအတွင်းသို့ နိုဝင်ဘာ ၁၃ ရက်က အောင်မြင်စွာဝင်ရောက်သွားပြီဖြစ်ကြောင်း Space News သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၃ ရက်က ရေးသားတင်ပြထားသည်။

CAPSTONE လပတ်လမ်းကင်းထောက်ဂြိုဟ်တုသည် နိုဝင်ဘာ ၁၃ ရက်က NRHO လပတ်လမ်းအတွင်း ဝင်ရောက်ရေးအတွက် ဒုံးကန်အားစနစ်စဖွင့်ခဲ့ပြီး ပတ်လမ်းအတွင်း ဝင်ရောက်ရေး လုပ်ငန်းစဉ်ကို စတင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် CAPSTONE လပတ်လမ်းကင်းထောက်ဂြိုဟ်တုသည် NRHO လပတ်လမ်းအတွင်း ရောက်ရှိသွားပြီဖြစ်ကြောင်း CAPSTONE မစ်ရှင် တာဝန်ရှိသူများက အတည်ပြုထားသည်။

NRHO လပတ်လမ်းသည် အားတီးမစ် မစ်ရှင်အတွက် နာဆာက လွှတ်တင်မည့် Lunar Gateway ခေါ် လပတ်အာကာသစခန်းယာဉ် နေရာယူမည့် ပတ်လမ်းဖြစ်ကြောင်း၊ CAPSTONE လပတ်လမ်းကင်းထောက် ဂြိုဟ်တုသည် လကမ္ဘာ၏ NRHOပတ်လမ်းပေါ်၌ နေရာယူမည့် ပထမဆုံးအာကာသယာဉ်ဖြစ်သည်။

CAPSTONE လပတ်လမ်းကင်းထောက်ဂြိုဟ်တုသည်လာမည့်ငါးရက်အတွင်း ဒုံးကန်အားစနစ်အကူအညီဖြင့် ပတ်လမ်းထိန်းညှိမှု နှစ်ခု ထပ်မံပြုလုပ်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်ပြီးဆုံးချိန်မှသာ CAPSTONE ဂြိုဟ်တုအနေဖြင့် NRHO လပတ်လမ်းပေါ်၌ကောင်းစွာ နေရာယူထားနိုင်ခြင်း ရှိ၊ မရှိကို နာဆာက အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## မျိုးဗီဇအင်ဂျင်နီယာနည်းပညာဖြင့် ကင်ဆာကုထုံးများ၏ထိရောက်မှု မြှင့်တင်ပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၁၄**

ကင်ဆာကုထုံးများ၏ ထိရောက်မှုကို မျိုးဗီဇအင်ဂျင်နီယာနည်းပညာဖြင့် မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၃ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကမ္ဘာပေါ်၌ ပထမဆုံးအကြိမ်အဖြစ် မျိုးဗီဇအင်ဂျင်နီယာနည်းပညာကိုသုံး၍ ကင်ဆာဆဲလ်များကို ရှာဖွေဖျက်ဆီးနိုင်မည့် ခုခံအားစနစ် ပုံပြောင်းဆဲလ်များကို ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာ အပါအဝင် ကင်ဆာရောဂါများ ခံစားနေရသူ လူနာများထံမှရယူထားသည့် ခုခံအားစနစ်ဆဲလ်များကို CRISPR ခေါ် မျိုးဗီဇအင်ဂျင်နီယာနည်းပညာကိုသုံး၍ ကင်ဆာဆဲလ်ဖျက် ခုခံအားစနစ်ဆဲလ်များအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။

မိမိတို့၏စမ်းသပ်မှုမှထွက်ပေါ်လာသည့်ရလဒ်များသည် လူပုဂ္ဂိုလ်အလိုက် သင့်လျော်သည့်ကင်ဆာကုထုံးများ ဖန်တီးရေးအတွက် အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

CRISPR နည်းပညာဖြင့် ပြောင်းလဲပေးထားသော ခုခံအားစနစ်ဆဲလ်များသည် လူနာများ၏ ကင်ဆာဆဲလ်များကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း၊ သို့ဖြစ်ရာ မျိုးဗီဇအင်ဂျင်နီယာနည်းပညာဖြင့် ကင်ဆာရောဂါကုထုံးများ၏ အာနိသင်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက တင်ပြထားကြောင်း သိရသည်။ KKO

## ဗီတာမင်ဘီ-၃ အားဖြည့်ဆေးပုံစံတစ်မျိုးကြောင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် နိုဝင်ဘာ ၁၄**

ဗီတာမင်ဘီ-၃ ပုံစံတစ်မျိုးဖြစ်သည့် Nicotinamide Riboside (NR) ကဲ့သို့ ဓာတ်စာအားဖြည့်ဆေးများကြောင့် ရင်သားကင်ဆာရောဂါအပါအဝင် ဆိုးရွားသည့်ရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၃ ရက်က ရေးသားတင်ပြထားသည်။

ယခင်ပြုလုပ်ခဲ့သည့် သုတေသန လေ့လာချက်များအရ NR ဗီတာမင်ဘီ-၃ အားဖြည့်ဆေးများသည် နှလုံးသွေးကြောများနှင့်အာရုံနာ့ဗ်ဆဲလ်စနစ် ကျန်းမာရေးတို့အတွက်အကျိုးရှိကြောင်း သိရသည်။

သို့ရာတွင်သွေးအတွင်း NR ပါဝင်မှုအဆင့် မြင့်မားလွန်းကဲ့ပါက Triple Negative Breast Cancer ခေါ် ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ မစ်ဆူရီတက္ကသိုလ်မှ သုတေသန ပညာရှင်များက သတိပေးထားသည်။

ထို့ပြင် NR အဆင့်လွန်ကဲခဲ့ပါက Triple Negative ရင်သားကင်ဆာဆဲလ်များ ဦးနှောက်အတွင်းသို့ ပျံ့နှံ့သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အချို့လူများအနေဖြင့် ဗီတာမင်ဓာတ်စာများနှင့် ဗီတာမင်အားဖြည့်ဆေးများ၌ ကျန်းမာရေးအကျိုးကျေးဇူးများသာရှိသည်ဟူ၍ မှတ်ယူထားမှုကြောင့် ၎င်းဆေးများကို သုံးစွဲနေကြသော်လည်း အဆိုပါဆေးများ လူ့ခန္ဓာကိုယ်တွင်း အလုပ်လုပ်ပုံနှင့်ပတ်သက်၍ သိနားလည်မှုမရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# LPGA Pelican Women's Championshipပြိုင်ပွဲတွင် နယ်လီကော့ဒါ ချန်ပီယံဆုဆွတ်ခူး

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် LPGA Pelican Women's Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်မယ်နယ်လီကော့ဒါက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နယ်လီကော့ဒါသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၁) နေရာကိုပြန်လည်ရရှိရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သည်။

နယ်လီကော့ဒါက"ဒီနှစ်အတွင်း ရောဂါကြောင့် ပြိုင်ပွဲတွေနဲ့လွဲချော်ခဲ့ရတယ်။ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တဲ့ ပြိုင်ပွဲတချို့မှာ ပုံစံကောင်းပျောက်ဆုံးခဲ့ရတယ်။ ဒီပြိုင်ပွဲမှာတော့ အကောင်းဆုံးကစားနိုင်ခဲ့ပြီး အခုနှစ်ဂေါက်သီးရိုက်ရာသီရဲ့ ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့လို့ဝမ်းသာပါတယ်။ လက်ရှိချန်ပီယံဘွဲ့ကိုလဲ ကာကွယ်နိုင်ခဲ့ပါတယ်။ ကျွန်မ အခုလိုအောင်မြင်မှု ဆွတ်ခူးနိုင်လိမ့်မယ်လို့ လုံးဝမျှော်လင့်မထားပါဘူး။ ဒီနှစ်အတွင်း ကစားသမားဘဝ အတက်အကျ အရမ်းမြန်ဆန်ခဲ့တဲ့အတွက်ယုံကြည်မှုတွေလဲပျောက်ဆုံးခဲ့ရတယ်။အခုလိုချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့လို့ ယုံကြည်မှုတွေပြန်ရလာတယ်လို့ ခံစားမိပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်မယ် တွမ်ဆင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး တစ်နိုင်ငံတည်းသား ကော်ပက်ဇ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ရပ်တည်ခဲ့သည်။

ချန်ပီယံဆု ဆွတ်ခူးခဲ့သည့် နယ်လီကော့ဒါနှင့် အမှတ်ပေးဇယား၏ ဒုတိယနေရာ၊ တတိယနေရာတို့တွင် ရပ်တည်နိုင်ခဲ့သောပြိုင်ပွဲဝင်များကြား ရိုက်ချက်ကွာဟမှုလည်းကျဉ်းမြောင်းခဲ့သည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ဆုဖလားတစ်လုံးမျှ ဆွတ်ခူးထားနိုင်ခြင်းမရှိသည့် နယ်လီကော့ဒါအတွက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ပထမဆုံးဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL




# နည်းပြအပြောင်းအလဲပြုလုပ်ရန်အစီအစဉ်မရှိဟု ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာပြောကြား




**ဘာစီလိုနာ နိုဝင်ဘာ ၁၄**

ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေါ်တာက မိမိတို့အနေဖြင့် နည်းပြအပြောင်းအလဲ ပြုလုပ်ရန် အစီအစဉ်မရှိဘဲ နည်းပြဇာဗီကို ယုံကြည်မှုရှိသည့်အတွက်ဆက်လက်တာဝန်ပေးအပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်ဆိုးများကြောင့် နည်းပြကိုးလ်မန်းကို စာချုပ်ဖျက်သိမ်း၍ ထုတ်ပယ်ခဲ့ပြီးနောက် အသင်းဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် နည်းပြဇာဗီကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဇာဗီသည် ကစားသမားဘဝမှအနားယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ကာတာကလပ် အယ်ဆက်အသင်းနှင့်စတင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

ဘာစီလိုနာအသင်းက နည်းပြသစ်အဖြစ် ဇာဗီကိုခန့်အပ်ခဲ့ပြီးနောက် အသင်းဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နေရသော်လည်း နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကနည်းပြဇာဗီအတွက် ထိပ်တန်းကစားသမားများကို ခေါ်ယူပေးခဲ့သည်။

ဘာစီလိုနာ အသင်းသည် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက လီဝမ်ဒေါ့စကီးနှင့် အတူ ထိပ်တန်းကစားသမားများ ခေါ်ယူခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ပြိုင်ပွဲ၌ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြဇာဗီအနေဖြင့်လည်း အနာဂတ်မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဘာစီလိုနာအသင်းသည် နည်းပြဇာဗီ၏နေရာတွင် အာဆင်နယ်အသင်းကို ရလဒ်ကောင်းများ ရယူပေးနိုင်ခဲ့သည့် နည်းပြအာတီတာနှင့်အစားထိုးရန်ပြင်ဆင်နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း လာပေါ်တာက အဆိုပါသတင်းများကို ငြင်းဆိုခဲ့ပြီး နည်းပြဇာဗီကို ယုံကြည်မှု အပြည့်အဝရှိသည့်အတွက် နည်းပြအပြောင်းအလဲပြုလုပ်မည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ STA

# ပေါ်တိုဂိုးသမား ကော်စတာကို ယူရို ၇၅ သန်းဖြင့်ခေါ်ယူရန် မန်ယူအသင်းပြင်ဆင်

**မန်ချက်စတာ နိုဝင်ဘာ ၁၄**

ပေါ်တိုအသင်းက ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းသတ်မှတ်ထားသည့် ဂိုးသမားကော်စတာကိုမန်ယူအသင်းက လာမည့်နှစ်ဘောလုံးရာသီတွင် ခေါ်ယူနိုင်ရန် ပြင်ဆင်လျက်ရှိနေဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဒီဂီယာကို စာချုပ်သစ်ချုပ်ဆိုရန် မသေချာသဖြင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ယခုနှစ်ဘောလုံးရာသီ ပေါ်တိုအသင်းတွင် လက်စွမ်းပြသနေသည့် ဂိုးသမားကော်စတာကို ကာလရှည်စာချုပ်ဖြင့်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြတန်ဟတ်က ဂိုးသမား ဒီဂီယာနေရာတွင် ရေရှည်အသုံးပြုနိုင်ရန်အတွက် ဘရိုက်တန်အသင်း ဂိုးသမား ရောဘတ်ဆန်းချက်ဇ်ကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း တိုးတက်မှုမရှိသဖြင့် ပေါ်တိုအသင်း ဂိုးသမားကော်စတာကိုသာ ခေါ်ယူရန် ဆွေးနွေးမှုများ ထပ်မံပြုလုပ်နေကာ ပေါ်တိုအသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းကိုပေးချေရန် ဆုံးဖြတ်ထားသည်။

အသက် ၂၃ နှစ်ရှိ ဂိုးသမား ကော်စတာသည် ပေါ်တိုအသင်း လူငယ်အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်က အသင်းကြီးတွင် စတင်ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ကာ ယခုနှစ်ဘောလုံးရာသီတွင် ဦးစားပေးဂိုးသမားအဖြစ်ပါဝင်ခဲ့ရာ ပြိုင်ပွဲစုံ ၁၉ ပွဲတွင် ကိုးပွဲထိ Clean Sheetရရှိအောင်စွမ်းဆောင်နိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကိုခံခဲ့ရကြောင်း သိရသည်။ ML




# Charles Schwab Cup Championship ပြိုင်ပွဲတွင် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ဟာရစ်တန် ချန်ပီယံဆုဆွတ်ခူး

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဖီးနစ်မြို့တွင် ကျင်းပခဲ့သည့် Charles Schwab Cup Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ဟာရစ်တန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း RNZ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီ ဂေါက်သီးရိုက်သမား အဲလက်ဆက်ကာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး ဩစတြေးလျဂေါက်သီးရိုက်ကစားသမား စတီဗင်အယ်လ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဟာရစ်တန်သည် ပြတ်သားသည့်ရလဒ်နှင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သော အဲလက်ဆက်ကာကို ရိုက်ချက် ခုနစ်ချက်ထိ ပြတ်ထားနိုင်ခဲ့သည်။

စတီဗင်အယ်လ်ကာက "ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တာဂုဏ်ယူပါတယ်။ မိသားစုတွေရှေ့မှာကစားခွင့်ရတဲ့အတွက်လဲပျော်ရွှင်ပါတယ်။ ပြိုင်ပွဲဝင်တွေ အားလုံးကလဲ အကောင်းဆုံး လက်စွမ်းပြခဲ့ကြပါတယ်။ အထူးသဖြင့် ချန်ပီယံဆု ဆွတ်ခူးခဲ့တဲ့ ဟာရစ်တန် ကစားသွားတာ အရမ်းကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံးနေ့ထိ ချန်ပီယံဆုအတွက် မျှော်လင့်ပြီး အကောင်းဆုံး ကစားခဲ့ပါတယ်။ နောက်ဆုံးနေ့အပြီး ဟာရစ်တန်နဲ့က ရိုက်ချက် ရှစ်ချက်လောက်ထိ ကွာဟခဲ့ပါတယ်။ ဟာရစ်တန်ကို အမီလိုက်ဖို့ အာရုံစိုက်ခဲ့တာမျိုးတော့မဟုတ်ပါဘူး။ တစ်ကျင်းချင်းစီတိုင်းမှာ အကောင်းဆုံး ကစားနိုင်အောင်သာ အာရုံစိုက်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ဟာရစ်တန်က "နီကလောက်လို ဂန္ထဝင်ကစားသမားတစ်ဦးစံချိန်ကို လိုက်မီနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ သူ့ရဲ့စံချိန်ကို မကျော်ဖြတ်နိုင်ခဲ့တဲ့ အခြေအနေကိုလဲ သဘောကျပါတယ်။ စံချိန်မှတ်တမ်းကောင်းနဲ့ ချန်ပီယံဖြစ်ခွင့်ရခဲ့လို့ ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းတွင် ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသည့် ဖရန့်ကက်ဆီကို ဖူလ်ဟမ်အသင်းနှင့်ဘရိုက်တန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ဒဏ်ရာပြဿနာရှိနေသည့် ဘိုင်ယန်မြူးနစ်အသင်းကစားသမား အယ်ဖွန်ဆိုဒေးဗစ်ကို ကနေဒါအသင်းက ကမ္ဘာ့ဖလားအသင်းလူစာရင်းတွင် ရွေးချယ်ခဲ့ကြောင်း သိရသည်။
- ပရော်ဖက်ရှင်နယ်မဆန်သော ကစားသမားများအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာခွင့်ပြုမည်ဟု ရိုးမားအသင်းနည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ ML

# မန်ယူအသင်းက ဂါနာချိုကို ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်မှုများပြုလုပ်

**မန်ချက်စတာ နိုဝင်ဘာ ၁၄**

မန်ယူအသင်းက အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် လူငယ်ကစားသမား ဂါနာချိုကို လုပ်ခတိုးမြှင့်ပြီး သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၁၈ နှစ်ရှိ ဂါနာချိုသည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဧပြီလကမှ အသင်းနှင့်ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုထားသူဖြစ်ကာ ယခုနှစ်ဘောလုံးရာသီ၌နည်းပြ တန်ဟတ်၏ ယုံကြည်မှုနှင့်အတူ အသင်း၏ပွဲစဉ်များကို ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

ဂါနာချိုသည် ယခုနှစ်ဘောလုံးရာသီ တောင်ပံတိုက်စစ်နေရာတွင် ဆန်ချို ဒဏ်ရာကြောင့် မကစားနိုင်ခဲ့သည့် ပွဲစဉ်များ၌ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယူရိုပါလိဂ် ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆိုစီဒက်အသင်းနှင့် ပွဲစဉ်တွင် အသင်းနှင့်အတူ ပထမဆုံးသွင်းဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ဖူလ်ဟမ်အသင်းကိုအနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း လူစားဝင်ကစားခဲ့ ပြီး အသင်းအတွက်အဖိုးတန် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။

မက်ဆီလက်သစ်အဖြစ်တင်စားခံနေရပြီး ခြေစွမ်းကောင်းများပြသလျက်ရှိနေသည့် ဂါနာချိုသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးလျှင် မန်ယူအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် မန်ယူအသင်းက ကြွယ်ပွင့်ကစားသမားကို လက်မလွှတ်လိုသောကြောင့် လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်း သိရသည်။ STA

# Nitto ATP Finalsပြိုင်ပွဲတွင် တေလာဖရစ်ဇ်ကို ရာဖေးလ်နာဒယ် ရှုံးနိမ့်

**တူရင် နိုဝင်ဘာ ၁၄**

အီတလီနိုင်ငံ တူရင်မြို့၌ကျင်းပနေသည့် Nitto ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တေလာဖရစ်ဇ်က (၇-၆၊ ၆-၁)ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ရန်အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်အတွက် ပုံစံကောင်းပျောက်ဆုံးခဲ့သကဲ့သို့ ကစားသမားဘဝသက်တမ်းတစ်လျှောက် အဆိုးရွားဆုံး အချိန်ကာလကို ဖြတ်သန်းနေရပြီး တေလာဖရစ်ဇ်နှင့်ကစားခဲ့ရသည့်ပွဲစဉ်များ၌ ရလဒ်မကောင်းသည့်မှတ်တမ်းဆိုးကိုလည်း မကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

တေလာဖရစ်ဇ်က "ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်ကအုပ်စုအဆင့်ကိုကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်အဆင့်ကိုတက်နိုင်ဖို့ပါ။ ဒါကြောင့် ဒီပွဲစဉ်မှာ ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံး လုပ်ဆောင်ခဲ့တယ်။ ဒီပွဲစဉ်မှာအနိုင်ရဖို့လိုအပ်တယ်လို့ ဆုံးဖြတ်ပြီး အာရုံစိုက်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အခုလိုဖိအားပေးတာမျိုးကိုသဘောကျတဲ့သူတစ်ဦးတော့မဟုတ်ပါဘူး။ ဒါပေမဲ့ မဖြစ်မနေအနိုင်ရဖို့လိုအပ်လို့နိုင်မှရမယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ဖိအားပေးခဲ့တာပါ။ ဒီပွဲမှာအကောင်းဆုံးကစားနိုင်ခဲ့လို့လိုချင်တဲ့ရလဒ်ရရှိခဲ့ပါတယ်။ ရာဖေးလ်က တင်းနစ်လောကရဲ့ အကောင်းဆုံး ကစားသမားတွေထဲက တစ်ဦးဖြစ်လို့ ကစားရခက်ခဲတဲ့ ပြိုင်ပွဲဝင်တစ်ဦးပါ။ ဒီနှစ်ထဲမှာ ရာဖေးလ်နဲ့ ပြိုင်ပွဲတွေမှာမကြာခဏ ရင်ဆိုင်ခဲ့ရပြီး ရလဒ်တွေကောင်းခဲ့ပါတယ်။ လက်ကျန်ပွဲစဉ်တွေမှာ အကောင်းဆုံး ကစားနိုင်အောင် ပြင်ဆင်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# အေဗာတန်အသင်းက ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် နည်းပြ ဆီမွန်နီ၏ နေရာတွင် နည်းပြတူချယ်နှင့် အစားထိုးရန်ပြင်ဆင်

**မက်ဒရစ် နိုဝင်ဘာ ၁၄**

ယခုနှစ်ဘောလုံးရာသီ၌ ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် အနာဂတ် မရေမရာဖြစ်နေသည့် နည်းပြဆီမွန်နီ၏နေရာတွင် နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်းနည်းပြဟောင်း တူချယ်ကို အစားထိုးရန် ပြင်ဆင်လျက်ရှိသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



နည်းပြ ဆီမွန်နီသည် အေဗာတန်အသင်းကို ၂၀၁၁ ခုနှစ်က စတင်ကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို ဆယ်စုနှစ်တစ်ခုကျော်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အသင်းကို ထိပ်တန်းအသင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းဆိုးရွားနေသည့်အတွက် အသင်းတာဝန်ရှိသူများက နည်းပြအပြောင်းအလဲပြုလုပ်ရန်ပြင်ဆင်နေသည်။

အေဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးချိန်၌ အုပ်စုအောက်ဆုံးတွင်ရပ်တည်ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ကစားခွင့်မရရှိခဲ့သကဲ့သို့ အမှတ်ပေးပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ရန် မဖြစ်နိုင်သည့် အခြေအနေများကြောင့် ဆီမွန်နီ၏ အနာဂတ်မရေမရာဖြစ်နေခြင်းဖြစ်သည်။

နည်းပြတူချယ်သည် ယခုနှစ်ဘောလုံးရာသီ စက်တင်ဘာလက ချဲလ်ဆီးအသင်းမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး အစောပိုင်းက ပရီးမီးယားလိဂ်အသင်း တချို့က ကမ်းလှမ်းမှုများပြုလုပ်ခဲ့သော်လည်း ငြင်းကြင်းဆိုခဲ့သည်။

လက်ရှိတွင် အေဗာတန်အသင်းကလည်း အသင်းနည်းပြအပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်နေပြီး နည်းပြဆီမွန်နီကို ထုတ်ပယ်ခဲ့ပါက အသင်းနည်းပြသစ်အဖြစ် တူချယ်ကိုခန့်အပ်ရန် ပြင်ဆင်နေကြောင်း သိရသည်။

STA

# ကမ္ဘာ့ဖလားကာလ၌ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမည်ဟု နည်းပြဂွါဒီယိုလာ ဆို

**မန်ချက်စတာ နိုဝင်ဘာ ၁၄**

ယခုနှစ် ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြဂွါဒီယိုလာက ကမ္ဘာ့ဖလားပြိုင်ပွဲကာလ၌ အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်းဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ဂွါဒီယိုလာသည် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပနေစဉ် အားလပ်ရက်ကာလတွင် ကာတာနိုင်ငံ အဘူဒါဘီမြို့သို့သွားရောက်၍ မန်စီးတီးအသင်း ဘုတ်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပြီး အနာဂတ်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ယခုလအတွင်းကစားခဲ့သည့် အမှတ်ပေးပွဲစဉ်များတွင် ကစားပုံကျဆင်းခဲ့မှုကြောင့် ဖူလ်ဟမ်အသင်းကို အိမ်ကွင်းတွင် တစ်ယောက်လျှော့ဖြင့် နောက်မှလိုက်ကစား၍ အနိုင်ရခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သဖြင့် အမှတ်ပေးဇယားထိပ်မှအာဆင်နယ်အသင်းနှင့် ငါးမှတ်ကွာဟခဲ့သည်။

လက်ရှိအချိန်တွင် မန်စီးတီးအသင်းကို ခြောက်နှစ်ကျော်တာဝန်ယူခဲ့သည့် နည်းပြဂွါဒီယိုလာသည် အသင်းနှင့်အောင်မြင်မှုများစွာရယူထားနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာရန်ဆန္ဒရှိနေသဖြင့် စာချုပ်သက်တမ်းတိုးမည့်ကိစ္စကို အဆောတလျင်လုပ်ဆောင်ခြင်းမရှိသေးဟု သတင်းများထွက်ပေါ်နေသော်လည်း ယခုအခါ အသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ဗာရက်တီကို သက်တမ်းတိုးနိုင်ခဲ့ဟု ပီအက်စ်ဂျီနည်းပြ ဂယ်တီယာ ပြောကြား

**ပဲရစ် နိုဝင်ဘာ ၁၄**

ပီအက်စ်ဂျီအသင်းက ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် အဓိကကွင်းလယ်ကစားသမား ဗာရက်တီကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ပြီး နှစ်နှစ်စာချုပ်ချုပ်ဆိုနိုင်ဖွယ်ရှိနေကြောင်း နည်းပြ ဂယ်တီယာက ပြောကြားခဲ့သည်ဟု Football Italia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဂယ်တီယာလက်အောက်တွင် ပုံစံကောင်းရရှိနေသည့် ဗာရက်တီသည် အသင်းအနာဂတ်စီမံကိန်းတွင် ပါဝင်နေသဖြင့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများက တစ်နှစ်လုပ်ခ ယူရို ၁၂ သန်းဖြင့် သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက ဗာရက်တီနှင့် စာချုပ်သစ်ကိစ္စကို တရားဝင်ထုတ်ပြန်ခြင်း မရှိသေးသော်လည်း တစ်နှစ်လုပ်ခ ယူရို ၁၂ သန်းဖြင့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးမည်ဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပနေစဉ်ကာလအတွင်း အပြီးသတ်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ် လျက်ရှိသည်။

အသက် ၃၀ နှစ်ရှိ ဗာရက်တီသည် ၂၀၁၂ ခုနှစ်က ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၉၈ ပွဲကစားခဲ့ရာ ၁၁ ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ လီဂူးချန်ပီယံရှစ်ကြိမ်၊ ကိုပါဒယ်ရေးဖလား ခြောက်ကြိမ်၊ ပြင်သစ်စူပါဖလား ကိုးကြိမ် ဆွတ်ခူးခဲ့ပြီး ပီအက်စ်ဂျီအသင်း သမိုင်းတွင် အအောင်မြင်ဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။ ML



# ယခုနှစ် အောက်တိုဘာလတွင် ကန်ဒေါ်လာ ၅၁ ဒသမ ၁၂၈ သန်းဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၂၇၇၀ တင်သွင်းခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၄**

ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၂၈ သန်းဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၂၇၇၀ တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ယူရီးယား ဓာတ်မြေဩဇာ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ကုန်းတွင်းလုပ်ကွက်များမှ ထွက်ရှိနေသည့် သဘာဝဓာတ်ငွေ့များကို ကုန်ကြမ်းအဖြစ် အသုံးပြုကာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ကြီးကြပ်မှုအောက်ရှိ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်)မှ တစ်ရက်လျှင် ဓာတ်မြေဩဇာ တန်ချိန် ၃၀၀ စီထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဓာတ်မြေဩဇာစက်ရုံနှစ်ရုံမှ ထုတ်လုပ်သည့် ယူရီးယား ဓာတ်မြေဩဇာများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များမှတစ်ဆင့် စိုက်ပျိုးသူတောင်သူများ၏ လက်ဝယ်အရောက်ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော်လည်း လက်ရှိတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသဖြင့် ပြည်တွင်းလိုအပ်ချက်အရ ဓာတ်မြေဩဇာများကို ပြည်ပမှ တင်သွင်းနေရကြောင်း သိရသည်။

ထို့ကြောင့် ဓာတ်မြေဩဇာများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့က တင်သွင်းလျက်ရှိရာ ယခုနှစ် အောက်တိုဘာလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၈၄၇ သန်းဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၇၂၂၇၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၈၁ သန်းဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၀၅၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၂၈ သန်းဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၂၇၇၀ တင်သွင်းခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ဓာတ်မြေဩဇာ လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်မြေဩဇာ မှတ်ပုံတင်လျှောက်ထားခြင်း၊ သိုလှောင်ရုံလိုင်စင် လျှောက်ထားခြင်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်းကြောင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် မြေဩဇာမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သိုလှောင်ရုံလိုင်စင်ထုတ်ပေးခြင်းနှင့်တင်သွင်းခွင့်ထောက်ခံချက်ပေးခြင်းလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် တိုးချဲ့ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ SKL

# ကွတ်ခိုင်မြို့နယ် အောက်ပုန်းထွန်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကွတ်ခိုင် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မန်ဖြိန်းကျေးရွာအုပ်စု အောက်ပုန်းထွန်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အောက်ပုန်းထွန်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့်ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ပြောပြ၍ သိရသည်။

**စိုးမိုးကျော်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၀ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၉၂၀ |
| 95 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၆ | ၂၀၄၉ |
| 95 Ron | ၂၀၉၄ | ၂၁၇၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၅၉ |
| HSD (50 ppm) | ၂၅၅၂ | ၂၆၃၂ |
| HSD (10 ppm) | ၂၅၅၂ | ၂၆၃၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၈၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စာနယ်ဇင်းလောကမှ ပန်းချီဆရာများ၏ ပန်းချီကားများကိုစုစည်း၍ ZEC Art Studio & Gallery တွင် အွန်လိုင်းပန်းချီပြပွဲ ပြုလုပ်မည်


ZEC Art Studio & Gallery ကို တွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery တွင် စာနယ်ဇင်းလောကမှ ထင်ရှားသည့် ပန်းချီဆရာများ၏ ပန်းချီလက်ရာများကို စုစည်း၍ အွန်လိုင်းပန်းချီပြပွဲ ပြသမည်ဖြစ်ကြောင်း ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသထားမည်ဖြစ်ပြီး ပြခန်းသို့ လူကိုယ်တိုင်လည်း လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း၊ ပြပွဲတွင် ပန်းချီကံကောင်း၊ ပန်းချီနီပိုဦး၊ ပန်းချီအောင်နိုင်လတ်၊ ပန်းချီတင်ကိုဇော်၊ ပန်းချီမျိုးမြင့်၊ ပန်းချီတင်လှဝင်းထင်၊ ပန်းချီဝေမွန်လင်း၊ ပန်းချီလှထွန်းအောင်တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံပန်းချီကား ၄၀ ခန့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြပွဲအတွက် ပန်းချီကားတွေ စုစည်းနေပါတယ်။ စာနယ်ဇင်းလောကမှာ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ လုံးချင်းဝတ္ထုသရုပ်ဖော်ပုံတွေ ရေးဆွဲခဲ့ကြပြီးတော့ ပန်းချီလောကမှာလဲ အောင်မြင်နေတဲ့ ပန်းချီဆရာတွေရဲ့ လက်ရာတွေ စုစည်းပြသမှာပါ။ သက်ရှိထင်ရှားရှိနေသေးတဲ့ ပန်းချီကံကောင်း၊ ပန်းချီ နီပိုဦး၊ ပန်းချီ အောင်နိုင်လတ်တို့ရဲ့ပန်းချီကားတွေ ပါမှာဖြစ်သလို ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီတင်လှဝင်းထင်၊ ပန်းချီဝေမွန်လင်းတို့ရဲ့ ပန်းချီကားတွေလဲ ပါဝင်မှာဖြစ်ပါတယ်"ဟု ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါပန်းချီပြခန်းတွင် ပြသထားမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄ ×၃၀) လက်မ၊ (၂၄×၂၄) လက်မ၊ (၂၀×၃၀) လက်မ၊ (၁၈×၃၆) လက်မ၊ (၁၅×၂၂) လက်မ၊ (၁၁× ၁၅) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများပါဝင်ပြီး ပန်းချီကားများမှာ ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# Black Adam ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅၂ သန်းရှိလာ

**နယူးယောက် နိုဝင်ဘာ ၁၄**

မာဗယ်စတူဒီယို၏ Black Adam ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃၅၂ သန်းထိရှိလာပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။


ရုံတင်ပြီး တစ်လအကြာတွင် Black Adam ဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၅၁ သန်းထိရှိလာခဲ့ပြီး နိုင်ငံတကာဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်ထိရှိခဲ့ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Black Adam ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၉၅ သန်းသုံးစွဲထားသည်။

Black Adam ဇာတ်ကားကို ဒါရိုက်တာ ဂျူမီကော်လက်ဆာရာက တာဝန်ယူရိုက်ကူးပေးထားပြီး ကမ္ဘာကျော်အက်ရှင်မင်းသား ဒွိန်းဂျွန်ဆင်က အဓိကနေရာမှ ပါဝင်သရုပ်ဆောင်ထားသည်။

ဒါရိုက်တာ ဂျူမီကော်လက်ဆာရာနှင့် မင်းသား ဒွိန်းဂျွန်ဆင်တို့သည် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Jungle Cruise ဇာတ်ကား၌ အတူ လက်တွဲခဲ့ဖူးသူများဖြစ်ကြောင်း သိရသည်။

KKO




# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သက်ကြီးဘိုးဘွားဦးရေ ၁၀၀ ကို သရုပ်ဆောင် ခိုင်နှင်းဝေနှင့် စေတနာရှင် အလှူရှင်များက ဆေးဖိုးငွေ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သက်ကြီးဘိုးဘွားဦးရေ ၁၀၀ ကို သရုပ်ဆောင် ခိုင်နှင်းဝေနှင့် စေတနာရှင် အလှူရှင်များက ဆေးဖိုးငွေကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ (၃၉) ရပ်ကွက်နှင့် (၁၃၃) ရပ်ကွက် ဓမ္မာရုံများတွင် နေထိုင်သည့် သက်ကြီးဘိုးဘွားဦးရေ ၁၀၀ ကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀ သိန်းကို ဆေးဖိုးအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက နှစ်နေရာခွဲပြီးတော့ အသက် ၇၀ နဲ့အထက် နာမကျန်းတဲ့ဘိုးဘွားတွေကို ဆေးဝါးကုသရာမှာ အထောက်အကူဖြစ်စေဖို့ တစ်ယောက်ကို ငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ပါတယ်။ စေတနာရှင်၊ အလှူရှင်တွေနဲ့ စုပေါင်းလှူဒါန်းခဲ့တာဖြစ်ပြီးတော့ ဒီအလှူဟာ ခုနစ်ရက်သားသမီးအားလုံးရဲ့ အလှူလဲဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။



သရုပ်ဆောင် ခိုင်နှင်းဝေနှင့် စေတနာရှင် အလှူရှင်များသည် ကိုဗစ်ကာလမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့တွင် ဝင်ငွေနည်းအခက်အခဲရှိ မိသားစုများကို ဆန်၊ ဆီအပါအဝင် စားသောက်ကုန်များလှူဒါန်းခြင်း၊ ငွေသားအလှူငွေ လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကိုလည်း အခါအားလျော်စွာ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ASH

# Half Baked-2 ဇာတ်ကားတွင် မင်းသမီး ရာချယ်ထရု ပြန်လည်ပါဝင်ထား

**နယူးယောက် နိုဝင်ဘာ ၁၄**

Half Baked-2 ဇာတ်ကားတွင် မူလ Half Baked ဇာတ်ကားမှ မင်းသမီး ရာချယ်ထရု ပြန်လည်ပါဝင်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး ရာချယ်ထရုသည် Half Baked-2 ဇာတ်ကားတွင် မာရီဂျိန်းဇာတ်ကောင်နေရာမှာပင် ပြန်လည်သရုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Half Baked-2 ဇာတ်ကားတွင် မင်းသမီး ရာချယ်ထရုနှင့်အတူ မင်းသား ဒက်စတာဒါတန်၊ မိုးဆက်စတောင်း၊ မင်းသမီး ရာမိုနာယန်းတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

လက်ရှိတွင် Half Baked-2 ဇာတ်ကားကို လူဝစ်စီယားပြည်နယ်၌ ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်သည်။

ဒါရိုက်တာ တမ်ရာဒေးဗစ် ရိုက်ကူးခဲ့သော Half Baked (1998) ဇာတ်ကားသည် အသုံးစရိတ် အမေရိကန်ဒေါ်လာ ရှစ်သန်းမျှသာ ရှိခဲ့သော်လည်း အထူးအောင်မြင်ခဲ့သော ဟာသဇာတ်ကားဖြစ်သည်။

Half Baked ဇာတ်ကားကို ဒါရိုက်တာ မိုက်တယ်တစ်ဒက်က တာဝန်ယူရိုက်ကူးပေးထားပြီး ရုံတင်ပြသမည့်ရက်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# လောင်းလုံးမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်

**လောင်းလုံး နိုဝင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီရိဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုတွင် ပါဝင်သောပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာအမျိုးမျိုးပြုလုပ်နည်း၊ ခေါင်းလျှော်ရည်အမျိုးမျိုးပြုလုပ်နည်းတို့ကို ယနေ့မှ နိုဝင်ဘာ ၁၈ ရက်ထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုမြင့်

# Sports promotion amounts to national defence; try to become persons who enhance prestige of Tatmadaw and nation by winning respective sports events


Senior General Min Aung Hlaing takes the salute of the Flag Bearer Company and athletes of 17 teams.



**Nay Pyi Taw November 14**

The Tatmadaw (Army, Navy and Air) sports meet held today is to implement the point stated in the Social Objects "To enhance the health, fitness and education quality of the entire nation" adopted by the State. State and Tatmadaw officials should fulfill the requirements while Tatmadaw athletes must nurture the sportsmanship spirit for the State and Tatmadaw and the spirit of working in unity, said Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing in his address delivered at the opening ceremony of 2022 Tatmadaw (Army, Navy and Air) sports meet held this evening at Zeyathirit Stadium, Nay Pyi Taw.

Present together with the Senior General were his wife Daw Kyu Kyu Hla, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Union ministers and their wives, senior military officers from Office of Commander-in-Chief and their wives, the Nay Pyi Taw Commnd commander and wife, officers, other ranks and families of offices and departments of Office of Commander-in-Chief (Army, Navy and Air), members of Nay Pyi Taw War Veterans Organization, trainees of Tatmadaw football academies, invited guests and contestants of the sports meet.

First, Tatmadaw (Army, Navy and Air) Military Band took positions in the stadium. Then Flag Bearer Company and athletes of 17 teams led by parade commander took positions. At the time when the sports meet was declared open, Chairman of Tatmadaw Sports and Physical Education Administrative Committee Adjutant-General Lt-Gen Soe Min Oo and Nay Pyi Taw Command Commander Maj-Gen Zaw Hein released hot balloons bearing the letters marking the opening ceremony.

The Senior General took the salute of the Flag Bearer Company and athletes of 17 teams led by parade commander.

In his address, the Senior General said the annual sports meet was suspended during the previous years because of rising Covid-19 infection rate. As the disease can be controlled to a certain degree at present, the sports meet is held in accord with Covid-19 prevention rules.


This year, Tatmadaw (Army, Navy and Air) sports competitions comprise 10 sports events. These sports reflect physical fitness, diligence and unity of the Tatmadaw. As it aims to turn out new generation athletes bring honour to the State through Tatmadaw (Army, Navy and Air) sports competitions, they all have to show off their brilliant skills and talents in the competitions.

The Tatmadaw has formed the Tatmadaw Sports and Physical Education Management Board and the Tatmadaw sports committees. Arrangements are being made for ensuring sharpening of sports skills of Tatmadaw member athletes and for giving chance for those to systematically take sports training. The Tatmadaw draws the annual sports calendar to organize the sports competitions in relevant military commands for producing the new generation athletes to be chosen for the selected Tatmadaw (Army, Navy and Air) teams. As uplifting the sports sector means protecting the State, all athletes try hard to secure success in their respective sports events so as to bring honour to the Tatmadaw and the State.

First, those athletes can get the benefits from the sports as personal good health. Then, they will have to enjoy the unity in the teamwise competitions to secure the spirit of unity. Today's sports events are suitable for the Tatmadaw members. The Tatmadaw members serving the State defence duty must be healthy and fit. If so, they will dutifully serve their assignments. So, they have to take care of good lifestyle for ensuring good health and taking training for fitness. Moreover, they have to constantly strive for taking correct techniques of sports training to be healthy and fit with full stamina.

The Senior General continued to say that the sports is a national duty to uplift the prestige of the State and the nationality with the concept to polish the image of the nation as part of competing with the opponents without giving up till the last seconds. Victory and fame of an athlete automatically uplift the prestige of the country and themselves.

Myanmar's martial arts which is one of sports events to be held today is a sport event showing off national spirit, braveness, activeness and physical fitness. In the past, Myanmar's art of sword fighting played a key role in bravely fighting against the colonialists in Myanmar history. Hence, the sports competition was inserted with the Myanmar martial arts event as of 2019. As the spouses of Tatmadaw members are important in the defence sector, track and field, judo, volleyball and shooting events allow participation of women similar to that of men. This year's 31st SEA Games, a wife of the Tatmadaw member secured the gold medal in the judo event. So, the Senior General expressed his satisfaction for skills of spouses of the Tatmadaw members.


The first semi-final football match of the major leagues of the Commander-in-Chief of Defence Services Cup in progress between Eastern Command and Central Command.


The goalkeeper in defense of the ball kicked by a player of his opposing team.

See Page 13



Senior General Min Aung Hlaing delivers an address at the opening of Tatmadaw (Army, Navy and Air) sports meet.

*From Page 12*

The Tatmadaw has opened the Tatmadaw Football Academy since 2015 with the aim of contributing to the sports sector of the country and to nurturing outstanding athletes for the Myanmar team and the academy has nurtured three batches of athletes so far.

As sports rely on a combination of six fundamental factors such as fitness, strength, agility, skills and stamina, it is necessary for athletes to try to build up such capabilities. Moreover, it is sure to win victories if athletes can combine their skills, experience and practice with rationale, intuition, right concepts and ability to make correct decisions immediately. Athletes are urged to try to be winners by proving their capabilities, to compete with relentless perseverance and diligence by cultivating the conscientiousness that promoting the sports sectors amounts to defending the country through another means, to leave fine legacies for new generation athletes by maintaining the good legacies of sportsmen from the defence services in the past and to exert efforts to become athlete who can promote the image of the country and the Tatmadaw out of the spirit of sportsmanship.

Then, flag carriers and athletes from 17 sports teams led by the parade commander marched out of the sports grounds by saluting the Senior General in a column.

Then, the Senior General and attendees enjoyed the first semi-final football match of the major leagues of the Commander-in-Chief of Defence Services Cup between the teams representing the Eastern Command and the Central Command.

Having been soccer teams that were able to participate in the semi-finals, the two teams competed fiercely with each other and tied at 1-1 after 90 minutes had passed. At 14 minute during the first half of the extra time, the Central Command Team scored another goal and won the march with 2-1.

During 2022 Tatmadaw (Army, Navy and Air) sports meet, ten sports events including soccer matches, track and field events (male/female), Judo contests (male/female), Taekwondo contests, volleyball contests (male/female), Myanmar traditional martial art competitions, Sepak Takraw competitions, Karatedo contests, boxing and shooting events will be held until 25 November.

100

# Universal service fund to cover SIM registration management system

**Nay Pyi Taw November 14**

The Ministry of Transport and Communications stated that SIM registration management system will be implemented with the universal service fund in order to collectively store SIM data of all telecom operators.

The Directorate of Posts and Telecommunications issued a press release that SIM data must be rechecked and amended not later than 31 January 2023.

Such kinds of measures must be undertaken with the assistance of relevant telecom operators, sale agents, applications and websites.

The applicants can use *601# for checking and amending data of MPT SIM cards, *979*3*3# for Atom SIM cards, *666# for Ooredoo SIM cards and *966# for Mytel SIM cards.

The SIM which were not filled with correct data will be terminated when these will be checked with the data from the National Database of the Ministry of Immigration and Population.

As such, the SIM registration management system will be implemented with the Universal Service Fund so as to collectively store the data of SIM cards.

Such project will be implemented in open tender. Tender proposals can be bought at the Directorate of Posts and Telecommunications in Nay Pyi Taw. For further information, contact the directorate in person or cdial 067-3407290.

336

# Sawn timber, logs weighing over 2,700 tons to be sold in open tender this month

**Nay Pyi Taw November 14**

The Myanma Timber Enterprise mentioned that more than 2,700 tons of sawn timber and logs of teak and hardwood will be sold in open tender in November 2022.

Domestic Trade and Sawmill Branch produces sawn timber to earn incomes at home. The branch plans to sell sawn teak timber and hardwood logs through open tender in November in line with the Covid-19 protocol.

These pieces of timber weigh some 2,716 tons. The timber and logs will be sold in the compound of Myanma Timber Enterprise in Insein Township at 8.30 am on 22 and 23 November. Interested persons may browse data of sales on www.mte.com.mm of MTE.

For further information, dial 01-372023, 01-372688 and 02-4070371.

336

# US$17.48 million earned from exporting 12,680 tons of rubber in October

**Nay Pyi Taw November 14**

Myanmar earned US$17.48 million from exporting 12,680 tons of rubber in October in the current 2022-2023 fiscal year, said Daw Cho Thet Mu, deputy director of the Trade Department under the Ministry of Commerce.

Of the total tonnage, 10,320 tons of rubber were exported via border trade routes and 2,360 tons via maritime trade routes.

"From 1 to 31 October, 1,310 tons of rubber were exported to China, 1,010 tons to India and 40 tons to Malaysia via maritime routes. Likewise, 10,320 tons of rubber worth US$13.935 million were exported via Myanmar-China and Myanmar-Thai border trade camps," said Daw Cho Thet Mu.

Rubber is mainly grown in southern parts of Myanmar, especially Mon and Kayin states. It is also grown in Yangon, Bago and Tanintharyi regions.

Myanmar can produce around 200,000 tons of rubber every year. More than 90% is exported and about 8% domestically used.

Myanmar's rubber goes to Malaysia, Singapore, Indonesia, Korea, Japan, Taiwan and India. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## CASIC ကုမ္ပဏီက Airshow China 2022 တွင် LW-30 လေဆာလက်နက်စနစ်၏ ဗားရှင်းသစ်ကို ထုတ်ဖော်ပြသ



တရုတ်ကုမ္ပဏီ CASIC သည် Airshow China 2022 တွင် LW-30 လေဆာလက်နက်စနစ်၏ ဗားရှင်းသစ်ကို နိုဝင်ဘာ ၁၁ ရက်က ထုတ်ဖော်ပြသခဲ့ပြီး အဆိုပါ LW-30 သည် ခေတ်မီတာတိုပစ် 30KW လေဆာလက်နက်စနစ်အမျိုးအစားဖြစ်ပြီး ဘီလာရုစ်နိုင်ငံထုတ် MZ-KT-6922 စစ်သုံးထရပ်ကားနှင့် ဆင်တူသည့် တရုတ်ထုတ် 6×6 ထရပ်ကားအောက်ခံယာဉ်ပေါ်တွင် တည်ဆောက်ထားကာ မောင်းသူမဲ့လေယာဉ်များကို တန်ပြန်တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

LW-30 လေဆာလက်နက်စနစ်သည် ပုံမှန် လေကြောင်းပစ်မှတ်များဖြစ်သည့် မောင်းသူမဲ့လေယာဉ်များ(UAVs) ပစ်မှတ်များကို Hard Kill နည်းလမ်းဖြင့် တုံ့ပြန်ဖျက်ဆီးနိုင်မည့် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပြီး မောင်းသူမဲ့လေယာဉ်များတွင် ပါဝင်အသုံးပြုလာမည့် Photoelectric Detection နှင့် Guidance Equipment ထိန်းကျောင်းရေးစနစ်များကို Soft Kill နှင့် Hard Kill နည်းလမ်း နှစ်မျိုးစလုံး အသုံးပြုတိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

LW-30 လေဆာလက်နက်စနစ်၏ ပထမဆုံးဗားရှင်းကို CASIC (China Aerospace Science and Industry Corporation) က ၂၀၁၈ ခုနှစ် တရုတ်လေကြောင်းပြပွဲ၌ ထုတ်ဖော်ပြသခဲ့သည်။

LW-30 သည် တာတို၊ တိကျကြားဖြတ်လေဆာလက်နက်စနစ်ဖြစ်သည်။ စနစ်တစ်ခုလုံးတွင် 30 KW စွမ်းအားထုတ်လုပ်နိုင်သော လေဆာလက်နက်ယာဉ်၊ အမိန့်ပေးမှု၊ ဆက်သွယ်ရေးယာဉ်၊ ထောက်ပံ့ပို့ဆောင်ရေးယာဉ်တစ်စီးတို့ ပါဝင်ဖွဲ့စည်းထားသည်။ သီးခြားအခြေအနေများနှင့် တောင်းဆိုချက်များအပေါ် အခြေခံ၍ စနစ်ကို အချက်အခြာနေရာများတွင်လိုက်လျောညီထွေစွာအသုံးချနိုင်မည်ဖြစ်သည်။

LW-30 လေဆာလက်နက်စနစ်သည် အနိမ့်၊ အနှေးနှင့်သေးငယ်သော (LSS) ပစ်မှတ်များကို ထောက်လှမ်း၊ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။ Low၊ Slow and Small (LSS) နိမ့်သော၊ နှေးသော၊ သေးသောပစ်မှတ်များဆိုသည်မှာ တစ်ကီလိုမီတာအောက်၊ တစ်နာရီ ကီလိုမီတာ ၂၀၀ ခန့် အမြန်နှုန်းဖြင့် ပျံသန်းပြီး တစ်စတုရန်းမီတာထက်သေးငယ်သော ရေဒါဖြတ်ပိုင်းဧရိယာမျှသာရှိသည့် သေးငယ်သော အနိမ့်ပျံအလွန်နှေးပစ်မှတ်များကို ရည်ညွှန်းသည်။

Airshow China 2022 တွင် ပြသထားသော လေဆာအလင်းတန်း Beam Director သည် ထရပ်ကားပေါ် တပ်ဆင်ထားသောဗားရှင်းထက် ပိုကြီးသည်။ ဆိုလိုသည်မှာ လေဆာရောင်ခြည်၏ အာရုံစူးစိုက်မှု ပိုမိုကောင်းမွန်လာခြင်းနှင့် အကွာအဝေး ပိုမိုရောက်ရှိလာနိုင်စွမ်းရှိခြင်းကို ခန့်မှန်းတွက်ချက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံထုတ် 6×6 ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသော LW-30 လေဆာလက်နက်စနစ်များသည် ဘီလာရုစ်နိုင်ငံထုတ် MZKT-6922 ကဲ့သို့ လှုပ်ရှားစစ်ကစားနိုင်စွမ်း မြင့်မားကောင်းမွန်သည်။ အလေးချိန် ကီလိုဂရမ် ၂၂၀၀၀ ရှိပြီး တင်ဆောင်နိုင်သည့်ဝန်အားမှာ အလေးချိန် တန်ချိန် ၁၂၀၀၀ ရှိသည်။ ထရပ်ကားကို မြင်းကောင်ရေ ၄၂၀ အား ထုတ်လုပ်နိုင်သည့် ဒီဇယ်အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အများဆုံး ခရီးအကွာအဝေးကီလိုမီတာ ၈၀၀ ထိ အမြန်နှုန်း ကီလိုမီတာ ၈၀ ဖြင့် မောင်းနှင်နိုင်ပြီး လမ်းကြမ်းအခြေအနေများတွင် တိုက်ပွဲဝင်ထမ်းဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။

**China displays new version of its LW-30 mobile laser weapon at Airshow China 2022 ကို ဘာသာပြန်ဆိုထားပါသည်။**

## အီတလီနိုင်ငံက လေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် စစ်ရေးအကူအညီသစ်များ ယူကရိန်းနိုင်ငံသို့ ပံ့ပိုးပေးရန်စီစဉ်

အီတလီနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် စစ်ရေးအကူအညီသစ်များ ယူကရိန်းနိုင်ငံသို့ ပံ့ပိုးပေးရန်စီစဉ်နေကြောင်း နိုဝင်ဘာ ၁၀ ရက်တွင် Yahoo News က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အီတလီနိုင်ငံမီဒီယာများက SAMP/T လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်တစ်စုံ ပံ့ပိုးပေးနိုင်ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။

ရုရှားနိုင်ငံသည် ယူကရိန်းမြို့ကြီးအများအပြားကို ဒရုန်းများနှင့်ဒုံးကျည်များအသုံးပြုပြီး မကြာသေးမီက တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးနောက် ဥရောပသမဂ္ဂနိုင်ငံများနှင့် အမေရိကန်နိုင်ငံထံမှ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပိုမိုပံ့ပိုးပေးအပ်ရန် ရက်သတ္တပတ်များစွာကြာ ယူကရိန်းသမ္မတ ဇလာဒီမာဇီလန်စကီးက တောင်းဆိုခဲ့ပြီးဖြစ်သည်။

မကြာသေးမီရက်များအတွင်း ရုရှားတပ်ဖွဲ့များသည် ယူကရိန်းနိုင်ငံအရှေ့ဖျားရှိ ရုရှားနှင့်နယ်စပ်အနီးရှိ ယူကရိန်း၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် Kharkiv မြို့ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ဒုံးကျည်တိုက်ခိုက်မှုများသည် Kharkiv ၏ စွမ်းအင်ထောက်ပံ့မှုအပေါ် ပိုမိုအာရုံစိုက် လုပ်ဆောင်လာခဲ့ခြင်းလည်းဖြစ်သည်။

အောက်တိုဘာ ၁၀ ရက်ကတည်းက ရုရှားသည် ယူကရိန်း၏ စွမ်းအင်အခြေခံအဆောက်အအုံများကို ဒရုန်းများ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယူကရိန်းအာဏာပိုင်များက နိုင်ငံရှိ ဓာတ်အားစနစ်၏ ၄၀ ရာခိုင်နှုန်းထိ ပျက်စီးခဲ့ပြီး နိုင်ငံ၏ ဓာတ်အားပေးစက်ရုံများ၏ ၃၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်ပတ်သက်၍ အီတလီနိုင်ငံသည် ယူကရိန်းပဋိပက္ခစတင်ကတည်းက MANPADS ပခုံးထမ်းဒုံးကျည်များဖြစ်သော STINGER မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်လက်နက်များကို ပံ့ပိုးပေးခဲ့သည်။

SAMP/T သည် ပြင်သစ်လေတပ်က MAMBA ဟုလည်း နာမည်ပြောင်ပေးထားကာ မြောက်အတ္တလန္တိတ်မဟာမိတ်အဖွဲ့၏ နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစွမ်းရည်အတွက် အီတလီနှင့် ပြင်သစ်နိုင်ငံထံမှ ပံ့ပိုးမှုများ၏ အခြေခံအုတ်မြစ်လည်းဖြစ်သည်။

ပြင်သစ်လေတပ်သည် လက်ရှိတွင် MAMBA လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ခုနစ်စုံနှင့် အီတလီစစ်ဘက်တွင် စနစ် သုံးစုံပိုင်ဆိုင်ထားသည်။

SAMP/T သည် စစ်မြေပြင်နှင့် အချက်အခြာကျသည့်နည်းဗျူဟာမြောက်နေရာများ (လေဆိပ်များနှင့် ပင်လယ်ဆိပ်ကမ်းများကဲ့သို့)ကို ကာကွယ်ရန်ဒီဇိုင်းထုတ်ထားသည့် စစ်နယ်ဝန်းဒုံးကျည်စနစ်ဖြစ်သည်။ ခရုဇ်ဒုံးကျည်များ၊ တိုက်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များ၊ နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုများကို အကွာအဝေး ကီလိုမီတာ ၆၀၀ အတွင်း တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။



၎င်းစနစ်တွင် ARABEL ဘက်စုံသုံး Electronic Scanning ရေဒါကို အခြေခံ၍ ပစ်ခတ်ရေးထိန်းချုပ်မှုစနစ်နှင့် အီတလီထုတ် Astra/Iveco နှင့် French Renault-KERAX 8×8 ထရပ်ကားများပေါ်တွင် တပ်ဆင်ထားသော ဒေါင်လိုက်မြေပြင်ပစ် ဒုံးပစ်လောင်ချာစနစ်တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ဒုံးကျည် ရှစ်စင်းကို အလျင်အမြန် ဆက်တိုက်ပစ်ခတ်တိုက်ခိုက်နိုင်သည်။

ပြင်သစ်၊ အီတလီတို့တွင် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို စမ်းသပ်ပစ်ခတ်မှုများပြုလုပ်ဆောင်ရွက်ခဲ့ပြီး အကဲဖြတ်ဆန်းစစ်ချက်များလည်းလုပ်ဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က နောက်ဆုံးစမ်းသပ်ပစ်ခတ်မှုအတွင်း ပြင်သစ်လေတပ်မှ MAM-BA(SAMP/T)စနစ်သည် ပဲ့ထိန်းဒုံးကျည်စွမ်းဆောင်ရည်ရှိ သဏ္ဍာန်တူပစ်မှတ်တစ်ခုကို အောင်မြင်စွာကြားဖြတ်ပစ်ချနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၈ ရက်တွင် SAMP/T မှ ဥရောပတိုက်လုံးဆိုင်ရာ တန်ပြန်ဒုံးကျည်ကာကွယ်နိုင်စွမ်းကိုပြသခဲ့ပြီးသည့်နောက် ၎င်းသည် SAMP/T စနစ်ဖြင့် တန်ပြန်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစွမ်းဆောင်ရည် (ATBM) ဆိုင်ရာ ဒုတိယမြောက်စမ်းသပ်မှုအောင်မြင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Italy could provide Ukraine with SAMP/T air defense missile system ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယခုနှစ် စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစုံ ၂၆၄၆၀၅ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းသီးနှံစုံစိုက်ပျိုးမှုအနေဖြင့် ၂၆၄၆၀၅ ဧက စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစုံ ၄၉၉၈၃၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် စက်တင်ဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၄၆၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းရာသီ စစ်ကိုင်းခရိုင်မှာ ဆောင်းသီးနှံစုံ ၄၉၉၈၃၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၆၄၆၀၅ ဧကစိုက်ပြီးနေပြီ။ ဒီနှစ် စစ်ကိုင်းခရိုင်မှာ ဆောင်းသီးနှံ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၈၂၇၀၂ ဧက၊ မြင်းမူမြို့နယ်တွင် ၁၁၆၄၄၈ ဧက၊ မြောင်မြို့နယ်တွင် ၆၅၄၅၅ ဧက စုစုပေါင်း ၂၆၄၆၀၅ ဧက၊ ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၉၄ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယခု ဆောင်းသီးနှံစိုက်ပျိုးချိန်၌ စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရန် လျာထားချက်အနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၁၉၂၄၃ ဧက၊ မြင်းမူမြို့နယ်တွင် ၁၅၃၉၈၁ ဧက၊ မြောင်မြို့နယ်တွင် ၁၂၆၆၁၄ ဧကစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း ဆောင်းသီးနှံ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေးအတွက် သဘာဝပိုးသတ်ဆေးများပြုလုပ်သုံးစွဲရေး၊ ဓာတ်မြေဩဇာသုံးစွဲတတ်ရန်နှင့်သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စေတုတ္တရာမြို့နယ် သက်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေကြာအပါအဝင်ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်စေရန်၊ အတိုးနှုန်းသက်သာသော ချေးငွေများပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သက်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အသင်းသူ၊ အသင်းသားများ လိုက်နာရမည့်အချက်များကို ပြောကြားပြီးနောက် မြို့နယ်စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရားများ၊ ရပိုင်ခွင့်များကို ပြောကြားခဲ့ကြောင်း သိရသည်။



စေတုတ္တရာမြို့နယ် သက်လယ်ကျေးရွာအုပ်စု သက်လယ်ကျေးရွာတွင် နေကြာစိုက်ပျိုးမည့် တောင်သူ ၅၂ ဦးထံ ချေးငွေကျပ်သိန်း ၁၀၀ ကို တောင်သူများ၏ လက်ဝယ်အရောက်ထုတ်ချေးမှုကို စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း(ရှမ်း)-ဟာကြားဟုန်ကောင် ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**မိုင်းဖြတ် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဆွပ်ပန်း(ရှမ်း)-ဟာကြားဟုန်ကောင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ် ဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းက တာဝန်ရှိသူများကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာအတွက် လိုအပ်နေသော ကုန်ထုတ်လမ်း၏ လမ်းအရှည်၊ လမ်းအကျယ်နှင့် မြေပြင်အခြေအနေအရ ဖြတ်မြေ၊ ဖို့မြေ၊ တံတားနှင့် ရေပြွန်များဆောင်ရွက်ရန်လိုအပ်မှုနှင့် မြေနေရာရရှိနိုင်မှုအခြေအနေများကို စနစ်တကျတိုင်းတာပြီး လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွပ်ပန်း(ရှမ်း)-ဟာကြားဟုန်ကောင် ကုန်ထုတ်လမ်းဆောင်ရွက်ခြင်းဖြင့် ဆွပ်ပန်း(ရှမ်း)၊ ဟာကြားဟုန်ကောင်၊ ဟာကြားဒီပနှင့် ဆွပ်ပန်း(အခါ) ကျေးရွာတို့ရှိ ဒေသခံတောင်သူများအတွက် အဓိကအားထားရာလမ်းဖြစ်လာမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ငင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၁၁-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၈၀၀/၇၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်များနှင့်တွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်များနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက တက္ကသိုလ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ အနေဖြင့် ကျောင်းများ၊ တက္ကသိုလ်များ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး အလေးထား စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များအလိုက် အနုပညာ၊ အားကစား၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့်အသင်းများကိုဖွဲ့ပေးကာ တက္ကသိုလ်ကျောင်းများအတွင်း ကျောင်းသား၊ ကျောင်းသူအချင်းချင်းစည်းလုံးညီညွတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်အောင် ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့၌ အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံးအရည်အချင်းတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)၊ ကျောင်းအုပ်များက လက်ရှိဆောင်ရွက်နေမှုများ၊လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အခမ်းအနားတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၄**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ အိမ်ထောင်သည် လိုင်းခန်း ဘက်စုံအကောင်းဆုံးဆုရရှိသူများ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဖွင့်လှစ်သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့တို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး၊ Mytel Operator ဥက္ကဋ္ဌဦးခင်မောင်ဖိုး၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့မှ တာဝန်ရှိသူများက အလှည့်ကျဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲအတွက် ဝါသနာရှင်အဆင့် အမျိုးသား လက်ရည်စစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်းနှင့် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်တွင် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တွင်ကျင်းပပြီး ပါဝင်ယှဉ်ပြိုင်နိုင်ရန် စိစစ်ရွေးချယ်ကာ ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ကျင်းပပြီးစီးခဲ့သည့် ပွဲစဉ် ခြောက်ပွဲတို့တွင် အမှတ်ပေးဇယားများအရ အဆင့် ၁ မှ ၃၀ အတွင်း ရရှိခဲ့သူများသည် လက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်မလိုဘဲ ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၃ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသား ၉၅ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသမီး ၅၈ ဦး စုစုပေါင်း အားကစားသမား ၁၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။

ယခုပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား (H' cap 0-12) ဝါသနာရှင်အဆင့် အမျိုးသမီး (H' cap 0-18)ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်၍ ပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်သီး စည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများ အတိုင်းကျင်းပလျက်ရှိကြောင်း၊ ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ၂၀၂၂ခုနှစ်၊ ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။
- ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။
- အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။
- မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူဦးရေ ၉၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၄၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၅၆၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

# နိုဝင်ဘာ ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဗဟိုခွဲအတည်ပြုလူနာသစ် ၃၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၇၀၀ ဦး |
| သေဆုံးသူ | ၁၉၄၈၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၀၄၅ ဦး |

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၅၀၆ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ မျက်စိခွဲစိတ်ပြီးလူနာများကို မျက်မှန်များ တပ်ဆင်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌အခြေပြု၍ ဒေသခံပြည်သူ ၁၄၃၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၄၂ ဦး၊ ခွဲစိတ်ရောဂါ ၆၉ ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၅၈ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၃၇၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၂၈၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၇ ဦး စုစုပေါင်း ၁၄၃၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ကိုးဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ မျက်စိအတွင်းတိမ်ရောဂါဖြင့် ကုသမှုခံယူနေသည့် လူနာများကို မျက်မှန်များတပ်ဆင်လှူဒါန်းပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၆/၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၇/၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၈/၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ သယံဇာတနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၉/၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးမျိုးသန့်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များကို PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၁၆-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

# မြိုင်ဆိုင်ဆင်နွှဲ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ



**နွေကုံကော်(မြို့လှ)**

နေပြည်တော်ရှိ ဇေယျာသီရိအားကစားကွင်းကြီး အတွင်း အရောင်အသွေးစုံ တိုင်းတပ်မ အလံ မျိုးစုံက ဆောင်းဦးလေနှင့်အတူ တဖျပ်ဖျပ်ယိမ်းနွဲ့ လှုပ်ခတ်လျက်ရှိ၏။ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားခဲ့ရသည့် ပြိုင်ပွဲကြီးမှာ ယခုနှစ်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်သဖြင့် အားကစား ဝါသနာရှင်များနှင့် မိသားစုဝင်များကလည်း အားပေးတရ အားပေးရန် တပ်ရင်းအသီးသီးမှ ရောက်ရှိ နေကြပြီဖြစ်၏။ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများမှတစ်ဆင့် မြန်မာ့လက်ရွေးစင် အားကစားသမားအဖြစ်ရောက်ရှိပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်ပေါ်စေရန်အပြင် အခြား သောရည်ရွယ်ချက်များစွာဖြင့်ကျင်းပသော တပ်မ တော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲကြီး သည်ကား တပ်မတော်အတွက်သာမက တိုင်းပြည် အတွက်ပါ အကျိုးရလဒ်ကောင်းများရရှိစေသော ပွဲကြီးတစ်ခုပင်ဖြစ်ပေသည်။

ယခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစား ပြိုင်ပွဲတွင် အားကစားနည်း ၁၀ မျိုးဖြင့် ယှဉ်ပြိုင် သွားကြမည်ဖြစ်ကြောင်း သိရပါသည်။ ဘောလုံး၊ ပြေးခုန်ပစ်(ကျား/မ)၊ ဂျူဒို(ကျား/မ)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော (ကျား/မ)၊ မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ လက်ဝှေ့၊ သေနတ်ပစ် (ကျား ၊ မ) စသည့် အားကစားနည်းများဖြစ်၏။ **တစ်ချိန်တစ်ခါက ကျွန်းဆွယ်ပြိုင်ပွဲများနှင့် အာရှအိုလံပစ်ပြိုင်ပွဲများတွင် တပ်မတော်ဂုဏ်နှင့်မြန်မာ့ ဂုဏ်ဆောင်ခဲ့ကြသော အားကစားသမားများပေါ်ထွက်ခဲ့သည်ကို သမိုင်း မှတ်တမ်းများအရ သိခဲ့ရပါသည်။ စာရေးသူတို့ ခေတ်တိုင် ကြားသိနေရသော ရေကူး တင်မောင်နီ၊ တာဝေးအပြေးဘုရင်ဟုတင်စားခံရသည့် ရှင်မွေ့ဂန်း၊ လက်ဝှေ့သမားများဖြစ်ကြသည့် တင်ထွန်းနှင့်သိန်းမြင့်၊ ဘုရားပေးသောခြေထောက်ပိုင်ရှင်ဟူ၍ တင်စားခံခဲ့ ရသည့် ဗဟာဒူး၊ ဂိုး တင်အောင် အစရှိသူတို့သည် တစ်ခေတ်တွင်တစ်ခါ ပေါ်ခဲလှစွာထွက်ပေါ်ခဲ့သည့် တပ်မတော်ဂုဏ်ဆောင်မြန်မာ့အားကစားသမားများ ပင်ဖြစ်၏။**

အားကစားနည်းများကိုလေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အသက်ပေး တာဝန်ထမ်းဆောင်နေကြရသည့် တပ်မတော်သားများ အတွက် စစ်မြေပြင် အထောက်အကူပြုစေမည့် ကစားနည်းများဖြစ်သည်ကို တွေ့ရှိရပါသည်။ ဘောလုံးအားကစားနည်းရည်ရွယ်ချက်များထဲမှ ကောက်နုတ်တင်ပြရပါက "တပ်မတော်သားများ ဘောလုံးအားကစားကို ကျယ်ပြန့်စွာကစားခြင်းဖြင့် စစ်မြေပြင် ကြံ့ခိုင်မှုကို အထောက်အကူပြုစေရန်"၊ "တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်များ အဖြစ် အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိပြီး စွမ်းရည်တိုးတက်လာသည် နှင့်အမျှ မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမား များအဖြစ် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် နိုင်ငံတော်ကိုယ်စားပြုယှဉ်ပြိုင်နိုင်ကြစေရန်"ဟူသော ရည်ရွယ်ချက်များကို လေ့လာမှတ်သားခဲ့ရပါသည်။

မြန်မာ့သိုင်းပညာရပ်သည်လည်း အဖိုးတန် သမိုင်းအမွေအနှစ်ပညာရပ်တစ်ခုပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နယ်ချဲ့တိုင်းတစ်ပါးများ အား အမိမြေပေါ်မှမောင်းထုတ်ခဲ့ရာတွင် မြန်မာ့ဓားစွမ်း ကို ပိုင်ပိုင်နိုင်နိုင်အသုံးချလျက် တိုက်ပွဲဝင်ခဲ့သော ကြောင့်ပင်ဖြစ်ပါသည်။ ဇာတိသွေးဇာတိမာန်အပြည့် ဖြင့် ဖျတ်လတ်တက်ကြွစွာ ရဲရဲဝံ့ဝံ့ယှဉ်ပြိုင်တိုက်ခိုက် ရသော မြန်မာ့သိုင်းပညာရပ်မှာ မြင်ရသူတိုင်းအတွက် မျိုးချစ်စိတ်နှင့်တိုင်းပြည်ချစ်စိတ်များ တဖွားဖွားခံစားစေ မိသည်အထိ အစွမ်းထက်လှပါသည်။

**အားကစားပြိုင်ပွဲများတွင် တစ်ဦးချင်းပြိုင်ပွဲနှင့် အုပ်စုလိုက်ယှဉ်ပြိုင်ရသော ပြိုင်ပွဲများပါဝင်ပြီး အချို့ပြိုင်ပွဲများတွင် အမျိုးသမီးများပါ ပါဝင်သည်ကို တွေ့ရှိရ၏။ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် တပ်မတော်သားများနည်းတူ ပါရမီဖြည့်ဖက်များ၏ အခန်းကဏ္ဍကပါ အရေးကြီးသည့် အတွက် ယခုကဲ့သို့ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်ပါသည်။ မည်သည့်နေရာတွင်မဆို တစ်ဦး ကောင်းတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရသောကြောင့် အသင်းအဖွဲ့စိတ်ဓာတ်ကို ဖြစ်ပေါ် စေမည့် ယခုလို အုပ်စုလိုက်ယှဉ်ပြိုင်ရသည့် အားကစားနည်းများကို ထည့်သွင်းယှဉ်ပြိုင်စေခြင်းပင် ဖြစ်**ပါသည်။ လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို ပြိုင်ပွဲများသည် တစ်ဦးချင်း နည်းစနစ်ကျွမ်းကျင်မှု၊ ကိုယ်ကာယကြံ့ခိုင်မှုတို့အပေါ် မူတည်ပြီး ယှဉ်ပြိုင် ရသော်လည်း ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲများမှာမူ အသင်းအဖွဲ့ဖြင့် ယှဉ်ပြိုင်ရသော ကစားနည်းများဖြစ်ကြ၏။ **အားကစားနည်းတိုင်းသည် ကိုယ်ကာယကြံ့ခိုင်သန်မာမှုအပြင် အချင်းချင်း ချစ်ခင်စည်းလုံးမှုကိုပါ ဖြစ်ပေါ်စေပါသည်။ အသင်း အဖွဲ့စိတ်ဓာတ်ကိုလည်း မွေးဖွားစေပါသည်။ အသင်းအဖွဲ့လိုက်ကစားရသည့်အခါတွင် တစ်ဦး ကောင်း၍မရတော့ဘဲ အားလုံးညီညွတ်ကြဖို့ လိုအပ် လာပါသည်။ ကိုယ်တာဝန်ယူရသည့်နေရာအလိုက် တာဝန်ကျေဖို့ဖြစ်လာပါသည်။ စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရမည်ဟူ သော အသိတရားတစ်ခုကို အားကစားပွဲများမှ ပေးစွမ်းခဲ့ပါသည်။**

အားကစားကဏ္ဍအား အပေါ်ယံကြည့်ရုံဖြင့် မလုံလောက်ပါချေ။ အားကစား၏နောက်ကွယ် တွင် မမြင်နိုင်သော စွမ်းအားများရှိနေပါသည်။

**အားကစားအောင်မြင်မှု၏ အသီးအပွင့်များကို သိမြင်နားလည်လာကြသော နိုင်ငံ့ခေါင်းဆောင်များသည် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုးစေဖို့ ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြသည်။ အားကစားပုံရိပ်မြင့်တက်လာခြင်းသည် နိုင်ငံတော်အတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပေသည်။ အားကစားသည် ခေတ်သစ်ကမ္ဘာကြီးအား တစ်နည်းတစ်ဖုံဖြင့် လွှမ်းမိုးလာလျက်ရှိ . . .**

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားသော အရေး ပေါင်းများစွာ ကဏ္ဍစုံတွင် သူထက်ငါအပြိုင်အဆိုင် ဖြစ်နေကြသည်။ ထိုအထဲတွင် အားကစားကဏ္ဍသည် လည်း သိသိသာသာနေရာယူလာခဲ့ပါသည်။ **အားကစားအောင်မြင်မှု၏ အသီးအပွင့်များကို သိမြင်နားလည်လာကြသော နိုင်ငံ့ခေါင်းဆောင်များ သည် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုးစေဖို့ ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြသည်။ အားကစားပုံရိပ် မြင့်တက်လာခြင်းသည် နိုင်ငံတော်အတွက် စီးပွားရေး အခွင့်အလမ်းကောင်းများဖန်တီးပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပေသည်။ အားကစားသည် ခေတ်သစ် ကမ္ဘာကြီးအား တစ်နည်းတစ်ဖုံဖြင့် လွှမ်းမိုး လာလျက်ရှိ**နေပါသည်။

တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့၊ တပ်မတော်အားကစား နှင့် ကာယပညာကော်မတီများ ဖွဲ့စည်းထားရှိပြီး တပ်မတော်အားကစားအဆင့်အတန်း တိုးတက် မြင့်မားလာအောင် စဉ်ဆက်မပြတ်ကြိုးပမ်းအကောင် အထည်ဖော်လျက်ရှိနေသည်ကို နှစ်စဉ် ကျင်းပလျက် ရှိသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများအပြင် တိုင်းစစ်ဌာနချုပ်များအလိုက် ယှဉ်ပြိုင်နေကြသည့် ပြိုင်ပွဲများက သက်သေထူလျက် ရှိပါသည်။ တပ်မတော်အတွင်း အားကစားဝါသနာ ပါသည့် ရွက်ပုန်းသီးဝါသနာရှင်များကို စနစ်တကျ မြေတောင်မြှောက်ပြီး နိုင်ငံတော်အတွက် အားထားရ သည့် အားကစားသမားကောင်းများဖြစ်စေရေး ပံ့ပိုး ပေးလျက်ရှိနေပါသည်။

တစ်ချိန်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများပေါ်ထွက်ခဲ့သကဲ့သို့ မျက်မှောက် ကာလတွင်လည်း ပေါ်ထွက်နေဆဲဖြစ်သည်ကို ကျင်းပ ပြီးစီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြီးများမှတစ်ဆင့် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ အနီးစပ်ဆုံးယှဉ်ပြိုင်ခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တပ်မတော် သားများနှင့် ယင်းတို့၏ ပါရမီဖြည့်ဖက်များက နိုင်ငံ့ ဂုဏ်ဆောင်ရွှေတံဆိပ်များဆွတ်ခူးပေးနိုင်ခဲ့သည်မှာ ယနေ့ကျင်းပပြုလုပ်လျက်ရှိသည့် တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲကြီး၏ အသီးအပွင့်များ ပင်ဖြစ်ပါသည်။ ထိုကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားများကို နိုင်ငံတော်က ထိုက်ထိုက် တန်တန်ဂုဏ်ပြုမှုများ ပြုလုပ်ပေးသကဲ့သို့ တပ်မတော် အနေဖြင့်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်၌ အားကစားဝန်ကြီး ဌာနမှ မူဝါဒ(၃)ရပ် ချမှတ်ခဲ့ရာ (၁)-မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်၊ (၂)- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးစိတ်ပါဝင်စားစွာဖြင့် လူထုအားကစား(Mass Sport) ကို ပါဝင်လှုပ်ရှား ကြရမည်၊ (၃)- နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် (Excellent Sport) အားကစားသမားများ လူရည်ချွန်များ မွေးထုတ်ပေးရမည်ဟု **စာမျက်နှာ ၂၂ သို့**

## အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်ထွက်ပေါက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် တရားခံများ၏ အခြေပြဇယား




■ ကျောဖုံးမှအဆက်

အမျိုးသမီး ငါးဦး၊ စုစုပေါင်း ရှစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အချင်းဖြစ်နေရာ၌သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင်ဝန်ထမ်း ငါးဦး၊ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၈ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကာ လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖောက်ခွဲမှုကျူးလွန်ခဲ့သူများကို အင်းစိန်မြို့မရဲစခန်းက (ပ) ၇၂၆/၂၀၂၂၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)/၅၄ တို့ဖြင့် အမှုဖွင့်လှစ်ကာ စုံစမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံပိုင်ရုပ်သံနှင့် သတင်းစာများ၌ အောက်တိုဘာ ၁၉ ရက်က သတင်းထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ အသွင်ယူသတင်းရယူ စုံစမ်းထောက်လှမ်းခြင်းနှင့် ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်းအထောက်အထားများကို အခြေခံကာ ရရှိလာသော သတင်းများကို ကွင်းဆက်မပြတ် အပူတပြင်း လိုက်လံစုံစမ်းခဲ့ရာ အင်းစိန်ဗဟိုအကျဉ်းထောင်ကို ဖောက်ခွဲမှုကျူးလွန်စဉ် မှတ်တမ်းတင် VIDEO ရိုက်ကူးခဲ့ပြီး လူမှုကွန်ရက် Social Media ပေါ်တွင် ထုတ်လွှင့်ဖော်ပြခဲ့သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၁)ရပ်ကွက် မြတ်လေးလမ်း အမှတ်(၂၈၀)နေ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU ၂၅ နှစ် (ဘ)ဦးအောင်ကြီးကို အောက်တိုဘာ ၂၅ ရက် ည ၆ နာရီ မိနစ်၂၀ တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာလမ်း ဒဂုံတက္ကသိုလ်မှတ်တိုင်၌ စတင်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JULU ၏ ထွက်ဆိုချက်အရ ဖောက်ခွဲမှုကို ၎င်း၏ခင်ပွန်းဖြစ်သူ ကောင်းထက်(ခ) ဖိုးစီ ၂၅ နှစ်က ကျူးလွန်ခဲ့ကြောင်းနှင့် ၎င်းမှာ နေအိမ်၌ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ ကောင်းထက်(ခ)ဖိုးစီ ၂၅ နှစ် (ဘ)ဦးအောင်စိုးကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၁)ရပ်ကွက် မြတ်လေးလမ်း အမှတ်(၂၈၀)၌ ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ဖောက်ခွဲမှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် 9MM ကျည် အတောင့် ၃၀၊ ဒီတိုနေတာနှစ်ချောင်း၊ လက်လုပ်မိုင်းဖောက်ခွဲရာတွင်အသုံးပြုခဲ့သည့် A,B,C,D ခလုတ်များပါ Digital Remote Controller တစ်ခု၊ Vinric ဓာတ်ခဲပါ ဓာတ်ခဲအသေးတစ်လုံး၊ Alkaline ဓာတ်ခဲပါ ဓာတ်ခဲအသေး တစ်လုံး၊ ပေါက်ကွဲမှုဖြစ်ပွားမှုကို Video ရိုက်ကူးရာတွင် အသုံးပြုသည့် ဖုန်းနံပါတ် ၀၉-၇၅၀၀၄၈၀၆၀၊ ၀၉-၉၅၀၃၅၇၀၅၀ Sim Card နှစ်ကတ်ပါ Tecno Pova Neo အမျိုးအစား နက်ပြာရောင်ဖုန်းတစ်လုံး၊ Sim Card နှစ်ကတ်ပါ Oppo A 5s အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့် ဖြစ်မှုကျူးလွန်စဉ်က ကောင်းထက်(ခ)ဖိုးစီနှင့် ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JULU တို့ နှစ်ဦး ဝတ်ဆင်ခဲ့သည့်အဝတ်အစားများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကောင်းထက်(ခ)ဖိုးစီသည် မြန်မာ့မီးရထား (ရန်ကုန်) ဒီဇယ်စက်ခေါင်းပြင်အလုပ်ရုံ လျှပ်စစ်ဌာန၌ အလုပ်လုပ်ကိုင်နေရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် CDM ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ၎င်းသည် ဇနီးဖြစ်သူ ချမ်းမြေ့သူ(ခ)ဂျူးဂျူး (ခ) JULU နှင့်အတူ ရန်ကုန်မြို့အတွင်း၌ ဆူပူဆန္ဒပြခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း Z Fighter အမည်ခံ အကြမ်းဖက်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ၎င်း၏အဖွဲ့ဝင်အမှတ်မှာ ZF-026(MBR) ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၈၀ ခန့်ရှိပြီး Telegram တွင် Group ဖွဲ့၍ Click To Donate ပြုလုပ်ခြင်း၊ အကြမ်းဖက်မှုလုပ်ရပ်များဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်သစ်စုဆောင်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွားလာမှုများကို စောင့်ကြည့်သတင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ကောင်းထက်(ခ)ဖိုးစီသည် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း Facebook လူမှုကွန်ရက်စာမျက်နှာအသုံးပြု၍ "PDF Brother" Page မှ သိခဲ့သည့် "စွန်ရဲ" အမည်ခံ အမျိုးသမီး(ဖမ်းဆီးရန်ကျန်)က Signal မှ ဆက်သွယ်ကာ ၎င်းကို "Special Task Agency Of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့"အမည်ခံ အကြမ်းဖက်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ကြောင်းနှင့် အကြမ်းဖက်မှုများလုပ်ဆောင်ရန် လစဉ်တစ်သိန်းကျပ် ထောက်ပံ့ခဲ့ကြောင်း၊ ၎င်းကို အဆိုပါအဖွဲ့တွင် ပစ္စည်းထိန်းတာဝန်ပေးအပ်ခဲ့ပြီး "စွန်ရဲ" အမည်ခံ အမျိုးသမီး(ဖမ်းဆီးရန်ကျန်)၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် ဇွန်လနှင့် ဩဂုတ်လများအတွင်း ၎င်းတို့အဖွဲ့ဝင်များကြား အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ခဲယမ်းများကို သယ်ဆောင်ခြင်း၊ ပို့ဆောင်ပေးခြင်းများ ပြုလုပ်ရကြောင်း၊ ကောင်းထက်(ခ)ဖိုးစီသည် ၎င်း၏ဇနီး ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JULU ကို STA အဖွဲ့မှ "စွန်ရဲ" ဆိုသူ အမျိုးသမီးနှင့်ချိတ်ဆက်၍ အောက်တိုဘာ ၁ ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်စေခဲ့ပြီး အကြမ်းဖက်မှုလုပ်ရပ်များကို ပါဝင်လုပ်ကိုင်စေခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အင်းစိန်ဗဟိုအကျဉ်းထောင် ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ ကောင်းထက်(ခ)ဖိုးစီ၏ ထွက်ဆိုချက်အရ ၎င်းထံသို့ အောက်တိုဘာ ၁၀ ရက် ညပိုင်းက "စွန်ရဲ" အမည်ခံ အမျိုးသမီးက Signal မှ ဆက်သွယ်ကာ အင်းစိန်ဗဟိုအကျဉ်းထောင်ကို ဖောက်ခွဲတိုက်ခိုက်ရန်နှင့် ၎င်းတိုက်ခိုက်မှုကို ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်ထွက်ပေါက်ရှိ လူဝင်ထွက် စာရင်းမှတ်သည့်နေရာနှင့် ပစ္စည်းလက်ခံသည့်နေရာတို့ကို ကြီးကြပ်သည့် ဒုတိယထောင်မှူးနှင့် ထောင်ဝန်ထမ်းများကို ပစ်မှတ်ထားတိုက်ခိုက်ရန် စေခိုင်းခဲ့ကြောင်း။

ထို့နောက် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ၎င်းထံသို့ "စွန်ရဲ" အမည်ခံ အမျိုးသမီးက ထပ်မံဆက်သွယ်ကာ အကျဉ်းထောင်၏ ဂိတ်ဝင်ထွက်ပေါက်ကို ဖောက်ခွဲမှုပြုလုပ်ရန်အတွက် လက်လုပ်မိုင်းများ နေရာချထားခြင်းကို ၎င်းနှင့် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)တို့က ဆောင်ရွက်ရန်၊ နေရာချထားပြီးပါက ၎င်းက အဝေးထိန်း Remote ဖြင့် ဖောက်ခွဲရန်၊ ထိုသို့ဖောက်ခွဲတိုက်ခိုက်မှုကို ၎င်း၏ဇနီး ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU က မှတ်တမ်းတင် VIDEO ရိုက်ကူးရန်နှင့် ၎င်းတို့ ဖောက်ခွဲတိုက်ခိုက်မှုများအတွက် စောင့်ကြည့်ခြင်းများကို "စွန်ရဲ" က အခြားသူများဖြင့် စောင့်ကြည့်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခန့်တွင် ကောင်းထက်(ခ)ဖိုးစီနှင့် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်) တို့သည် အင်းစိန်ဗဟိုအကျဉ်းထောင်အနီး သွားရောက်၍ လက်လုပ်မိုင်းများ ချထားမည့်နေရာနှင့် ၎င်းတို့ပြန်ထွက်မည့်လမ်းကြောင်းများကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း။

အကြမ်းဖက်ဖောက်ခွဲရာတွင် အသုံးပြုမည့် လက်လုပ်မိုင်းများကို "စွန်ရဲ" အမည်ခံ အမျိုးသမီး၏ ချိတ်ဆက်ပေးမှုဖြင့် အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းပေါ်ရှိ ယောက်ကော်ကားမှတ်တိုင်၌ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)က စက်ဘီးတစ်စီးဖြင့် ရောက်ရှိလာပြီး ပီနံအိတ်အဖြူရောင်ဖြင့် ထည့်ထားသည့် လက်လုပ်မိုင်း သုံးလုံးကို ပေးခဲ့သဖြင့် သယ်ဆောင်လာပြီး ၎င်းအလုပ်လုပ်ကိုင်သည့် တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် စံပယ်လမ်းနှင့် ကံ့ကော်လမ်းထောင့်ရှိ Dr.Doe ဆေးကုမ္ပဏီ လှေကားအောက်၌ သိမ်းဆည်းထားခဲ့ကြောင်း စာမျက်နှာ ၂၂ သို့



အင်းစိန်ဗဟိုအကျဉ်းထောင်ကို ပါဆယ်ထုပ်များအတွင်း လက်လုပ်မိုင်းတပ်ဆင်ကာ ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် တရားခံများနှင့် ဖြစ်မှုကျူးလွန်စဉ်က ၎င်းတို့ဝတ်ဆင်အသုံးပြုခဲ့သည့် ပစ္စည်းများမှတ်တမ်းဓာတ်ပုံ။

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ-၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝက ရုံးများသို့ သွားရောက် ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်မှစတင်၍ အသိပေး ကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (င)နှင့် (၂) (ဃ)တွင် အောက်ဖော်ပြပါ အတိုင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (င)

နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင် ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာအတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ၆၆/၆ (အထစ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်ထိ ပုံစံ၆၆/၆(အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆(အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကို စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**




**အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်ထွက်ပေါက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံ၌ အကြမ်းဖက်သမားများထောင်ထားခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။**

**စာမျက်နှာ ၂၁ မှအဆက်**

ထွက်ဆိုခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီတွင် ကောင်းထက်(ခ)ဖိုးစီသည် လက်လုပ်မိုင်းများထည့်ထားသည့်အထုပ်ကို အငှားယာဉ်ဖြင့်တင်ဆောင်ကာ ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် ချိန်းဆိုထားသည့် အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်အနီးရှိ ဒါရ်ကာဇလီသို့ သွားရောက်ခဲ့ကြောင်း၊ ဇလီသို့ ရောက်ရှိချိန်တွင် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် တွေ့ဆုံကာ လက်လုပ်မိုင်းများဖြင့် ပါဆယ်ထုပ်ပြုလုပ်ရန် မုန့်များနှင့် တစ်သျှူးများဝယ်ယူ၍ ပါဆယ်ထုပ်များ ပြုလုပ်ခဲ့ပြီး ပါဆယ်ထုပ်များအတွင်း၌ လက်လုပ်မိုင်းများတပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ပြင်ဆင်နေစဉ် ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU မှာ အင်းစိန်ဗဟိုအကျဉ်းထောင်အရှေ့ လမ်းတစ်ဖက်ခြမ်း မုန့်ဟင်းခါးဆိုင်၌ထိုင်ကာ ပေါက်ကွဲမှုဖြစ်စဉ်ကို မှတ်တမ်းတင် Video ရိုက်ကူးရန် စောင့်ဆိုင်းနေခဲ့ကြောင်း။

ထို့နောက် ကောင်းထက်(ခ)ဖိုးစီသည် လက်လုပ်မိုင်းထည့်ထားသည့် ပါဆယ်အထုပ်တစ်ထုပ်ကို လည်းကောင်း၊ ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)က ပါဆယ်အထုပ်နှစ်ထုပ်ကိုလည်းကောင်း သယ်ဆောင်ကာ အကျဉ်းထောင် ဝင်ထွက်ပေါက်သို့ သွားရောက်ခဲ့ပြီး ၎င်းကိုင်ဆောင်ခဲ့သည့် ပါဆယ်ထုပ်ကို ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်တွင် လည်းကောင်း၊ ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)ထံမှ အထုပ်နှစ်ထုပ်ကို လူဝင်ထွက် စာရင်းလုပ်သည့်နေရာအနီးနှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာပေါ်တို့တွင်လည်းကောင်း ချထားခဲ့ပြီး ပြန်လည်ထွက်ခွာခဲ့ကာ ထောင်နှင့်မျက်နှာချင်းဆိုင် လမ်းတစ်ဖက်ခြမ်းမှ အခြေအနေကို စောင့်ကြည့်နေခဲ့ကြကြောင်း။

ဆက်လက်၍ ကောင်းထက်(ခ)ဖိုးစီက ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU ကို Video ရိုက်ကူးရန် သတိပေးပြီးနောက် မြင့်မိုရ်လမ်းအတွင်းမှနေ၍ အဝေးထိန်း Remote Controller ကို နှိပ်၍ ဖောက်ခွဲခဲ့ရာ ၎င်းတို့ထောင်ထားသည့် လက်လုပ်မိုင်းသုံးလုံးအနက် ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်နှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာပေါ်တို့တွင် ထောင်ထားခဲ့သည့် လက်လုပ်မိုင်းနှစ်လုံးသာ ပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကောင်းထက်(ခ)ဖိုးစီနှင့် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)တို့ နှစ်ဦးမှာ အင်းစိန်ခုံးကျော်တံတားဘက် မှတစ်ဆင့် အငှားယာဉ်ဖြင့် ၎င်းတို့၏ နေအိမ်များသို့ ပြန်ခဲ့ကြကြောင်း၊ ထိုသို့ ဖောက်ခွဲမှုပြုလုပ်ခဲ့မှုကို ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU က မှတ်တမ်းတင် Video ရိုက်ကူးကာ YBS ယာဉ်ဖြင့် ၎င်းအလုပ်လုပ်ကိုင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာသို့ ပြန်ခဲ့ကြောင်း။

၎င်းနောက် ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JULUသည် ၎င်းရိုက်ကူးထားသည့် Video မှတ်တမ်းကို "စွန်ရဲ"ဆိုသူထံ signal မှ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက် ဖော်ထုတ်ချက်အရ ကောင်းထက်(ခ)ဖိုးစီသည် "Special Task Agency Of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့" အမည်ခံ အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် သယ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ဦးဘဟန်လမ်းရှိ သယ်္ဃန်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ထွေးနှင့် ဒုတိယဦးစီးမှူး ဦးကျော်မိုးတို့ကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင် အခြေအနေစောင့်ကြည့်ပေးခြင်းဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် ကောင်းထက်(ခ)ဖိုးစီနှင့် ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU တို့ နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ၎င်းတို့နှင့် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရန်ကျန်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အင်းစိန်ဗဟိုအကျဉ်းထောင် ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ Facebook လူမှုကွန်ရက်စာမျက်နှာများပေါ်၌ "Special Task Agency Of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့" အမည်ခံ အကြမ်းဖက်အဖွဲ့က ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားပြီး နာရီပိုင်းအတွင်း အဆိုပါဖောက်ခွဲမှုကို ၎င်းတို့အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သော်လည်း အချို့သောအကြမ်းဖက်အားပေးသတင်းမီဒီယာ Page များနှင့် Website များမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အများပြည်သူလူထုက အထင်အမြင်လွဲမှားစေရေး မဟုတ်မမှန်သတင်းအမှားများ လုပ်ကြံရေးသား၍ သတင်းအဆိပ် တိုက်ကျွေးနေမှုများကို မိဘပြည်သူများအနေဖြင့် သတင်းအမှန်သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



**အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်ထွက်ပေါက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**

**စာမျက်နှာ ၂၀ မှအဆက်**

မှတ်သားရသကဲ့သို့ အားကစားဆိုင်ရာ ခံယူချက်(၃)ရပ်မှ နံပါတ်တစ်အချက်အား "အားကစားမြင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်" ဟု ဖော်ပြထားသည်ကိုလေ့လာသိရှိရပါသည်။

တပ်မတော်သည် ထိုသို့နိုင်ငံတော်မှချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် အားကစားအောင်မြင်မှုဆိုင်ရာ ရည်မှန်းချက်များ၊ ခံယူချက်များအား မိမိတို့တတ်စွမ်းသည့်ဘက်မှ ခေတ်အဆက်ဆက် ကြိုးပမ်းအကောင်အထည်ဖော်ပေးခဲ့ပါသည်။ ထူးချွန်သည့်အားကစားသမားများပေါ်ထွက်စေရေးအတွက် တပ်ရင်းတပ်ဖွဲ့များမှ အခြေခံကောင်းသည့် အားကစားသမားများနှင့် အားကစားဝါသနာပါသူများကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ ကစားသမားများအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အဦများမှအစ အဆင့်မီအားကစားကွင်းများ၊ လေ့ကျင့်ရေးအဆောက်အအုံများရရှိရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အားကစားသမားများအာဟာရပြည့်ဝစွာ စားသောက်ရေး၊ နေထိုင်ရေးများအပြင် နည်းပြကောင်းများရရှိစေရေးအတွက်ပါ အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေပါသည်။

ထိုကဲ့သို့ ရေရှည်စီမံချက်များဖြင့် ပျိုးထောင်လေ့ကျင့်ပေးခဲ့ခြင်း အကျိုးကျေးဇူးများကြောင့် **မြန်မာ့တပ်မတော်အားကစားသမားများသည် ဒေသတွင်းအားကစားပြိုင်ပွဲများတွင်သာမက ကမ္ဘာ့အဆင့်စစ်ရေးစွမ်းရည်ပြိုင်ပွဲများတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များစွာကို ရယူပေးနိုင်ခဲ့ကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်တွေ့မြင်ခဲ့ရပါသည်။ ဝင်ရောက်ယှဉ်ပြိုင်သမျှ ပြိုင်ပွဲတိုင်းတွင် တပ်မတော်သားကောင်းပီပီ မဆုတ်မနစ်သော ဖွဲလုံ့လဝီရိယတို့ဖြင့် ယှဉ်ပြိုင်ခဲ့ကြလေသည်။ ထိုသို့ယှဉ်ပြိုင်သည့် အားကစားသမားများကို မြင်တွေ့ရခြင်းမှတစ်ဆင့် ယင်းတို့၏ သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာများကို အခြားသောနိုင်ငံများက မှတ်တမ်းတင်သွားတတ်ကြပါသည်။ မျက်မှောက်ကာလတွင် အားကစားပွဲများကိုဗဟိုပြုလျက် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများ မည်မျှတောင့်တင်းခိုင်မာကြောင်းကို သုံးသပ်လျက်ရှိနေကြ**ပါသည်။

မည်သို့ပင်ဆိုစေကာမူ သစ္စာလေးချက် ဦးထိပ်ရွက်ထားပြီး အစဉ်အလာ(၁၂)ရပ်အတိုင်း ပြုမူကျင့်ကြံနေထိုင်ကြသော တပ်မတော်သားများပီပီ ယနေ့ယှဉ်ပြိုင်ကြတော့မည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲကြီးတွင် မိမိတို့ယှဉ်ပြိုင်ကြမည့် အားကစားကဏ္ဍများအလိုက် ရေကုန်ရေခန်းယှဉ်ပြိုင်ကြပြီး တပ်မတော်လက်ရွေးစင်များမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်များဖြစ်အောင်ကြိုးစားသွားကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါကြောင်းတင်ပြရင်း ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကြီးအား ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

# ငါန်းဇွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ငါန်းဇွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီခွဲခန့်တွင် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်နေ ဒေါ်လှလှဝင်းသည် မြင်းခြံမြို့နယ် ကျောက်တိုင်ကျေးရွာသို့ မွေးနေ့ပွဲသွားရောက်ရန် မိတ်ဆွေများခေါ်ဆောင်၍ LIGHT TRUCK အမျိုးအစား မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ငါန်းဇွန်မြို့နယ် တံတားဦး-မြင်းခြံသွားကားလမ်း မင်းနေကုန်းကျေးရွာလမ်းခွဲသို့ ညနေ ၃ နာရီခွဲခန့်၌ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ ဝဲဘက်ခြမ်းမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး မိုင်းစထိမှန် သေဆုံးခဲ့ပြီး ငါးဦးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး သေဆုံးအလောင်းနှင့် ဒဏ်ရာရသူများကို ဆေးကုသမှုခံယူနိုင်ရေး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ကြောင်းနှင့် ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများကို မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရာဇဝတ်အထူးအယူခံမှု လေးမှု၊ တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးမောင်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၂(ရောဝတီ)၊ ၄/၂၀၂၂(ရန်ကုန်)၊ ၅/၂၀၂၂(ရန်ကုန်)၊ ၆/၂၀၂၂(ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၀ (မန္တလေး)၊ ၄/၂၀၂၂(ရခိုင်)၊ ၂၅/၂၀၂၂(ရန်ကုန်)၊ ၂၈/၂၀၂၂ (မန္တလေး)၊ ၂၉/၂၀၂၂(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၅/၂၀၂၁(ရန်ကုန်)၊ ၂/၂၀၂၂(ရန်ကုန်)၊ ၂၃/၂၀၂၂(ရန်ကုန်)၊ ၃၁/၂၀၂၂(ရခိုင်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၁၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၂၂ မိုင် ၃ ဖာလုံတွင် လားရှိုးမှ မန္တလေးသို့မောင်းနှင်လာသော မော်တော်ယာဉ် သုံးစီးပေါ်၌ တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၄၀၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၇ မိုင်နှင့် ၆ မိုင်အကြားတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်ကညင်ခွဲသား ၅ ဒသမ ၂၆၀၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၈၀နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Hino Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၂၆၀၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့အဝင်ဂိတ်တွင် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် အဝတ်လျှော်ဆပ်ပြာရည် ကီလိုဂရမ် ၁၈၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် NISSAN Diesel အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်နှင့် ယနေ့တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၀ ဒသမ ၉၇၄၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၀၇၀ ကို သစ်တောဥပဒေအရလည်းကောင်း၊ ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ညောင်ခါးရှည်အရှေ့ဘက်ငါးမိုင်ခန့်အကွာ ဆပ်သွားခြုံကျေးရွာအနီးတွင် Lexus အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၆၂၀၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးစီးဖိနပ် အရန် ၃၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၂ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၈၃၄၁၅၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဉသျှစ်လှိုင်းကျေးရွာနေ ချမ်းကိုကို(ခ) ချမ်းမင်းဦးသည် ၎င်းအသုံးပြုသည့် "Chan Min Oo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အင်းကုန်းကျေးရွာနေ မောင်မောင်(ခ) မောင်ပုသည် ၎င်းတို့အသုံးပြုသည့် "Mg Mg" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

0w Kv d @

# အမြင်

ရွှေညာ (ရွာတန်းရှည်)



(၁)

အဖေက ကျွန်တော် ၁၆ နှစ်အရွယ်လောက်မှာ ဆုံးပါးသွားခဲ့တယ်။ ဆိုက်ကားနင်းရင်းမတော်တဆ ကားတိုက်ခံရတာဆိုတော့ အဖေ့ဘဝရဲ့နောက်ဆုံးခရီး က မလှခဲ့ပါဘူး။ အဲဒီအချိန်က ကျွန်တော်ကျောင်းသား ဘဝဆယ်တန်းတက်နေတဲ့အချိန်။ အဖေရယ်၊ အမေ ရယ်၊ ကျွန်တော်နဲ့မှ သုံးယောက်ပဲရှိတဲ့ ကျွန်တော် တို့ မိသားစုလေးမှာ စားဝတ်နေရေးကအစ ပညာရေးနဲ့ လူမှုရေးအဆုံးထိ အဖေဆိုက်ကားနင်းလို့ရတဲ့ဝင်ငွေ လေးတစ်ခုနဲ့ပဲ ဖြေရှင်းနေခဲ့ရတဲ့အချိန်ဖြစ်ပါတယ်။

အဖေရှိစဉ်ကတော့ ပြည့်စုံကြွယ်ဝမှုမရှိသည့်တိုင် ထမင်းနပ်မှန်အောင်စားရသလို စိတ်လဲချမ်းသာ တယ်။ အခုတော့ အမေကလဲ အိမ်အပြင်ထွက်ပြီး စီးပွားမရှာတတ်။ ကျွန်တော်ကလဲ ဘာမှမလုပ်တတ် သေးတဲ့အရွယ်ဆိုတော့ ရှိသမျှပစ္စည်းလေးတွေ ကိုသာ ထုခွဲရောင်းချပြီး လွယ်လွယ်ပဲဖြေရှင်းလိုက် ကြတယ်။ အဖေထားခဲ့တဲ့ဆိုက်ကားလေးကို ကျွန် တော်နင်းဖို့ပြောကြည့်တော့ အမေက လက်မခံခဲ့ဘူး။ နင့်အဖေတောင် ဒီဆိုက်ကားကြောင့်သေခဲ့ရတာတဲ့။ ဒီလိုနဲ့ ကျွန်တော်တို့သားအမိနှစ်ယောက်ရောင်းစရာ ပင်မရှိတော့တဲ့အဆုံး ပညာရေးကိုကျောခိုင်းစွန့်ခွာခဲ့ ရပါပြီ။ ပညာရေးနဲ့ထမင်းလဲခဲ့ရတဲ့ ကျွန်တော့်ဘဝ ဆိုပါတော့။

ကျောင်းထွက်ပြီးတဲ့နောက်မှာ အုတ်ခဲသယ်၊ မဆလာဖျော် ပန်းရန်နောက်လိုက်ဘဝလေးနဲ့ အမေ မုဆိုးမကို ပြုစုစောင့်ရှောက်ကာ လောကကြီးကို စတင် ရင်ဆိုင်လိုက်ပါတယ်။ ကျွန်တော့်အမေ တစ်ဝမ်းတစ်ခါး အတွက် ဘယ်လောက်ပဲပင်ပန်းပါစေ ညနေအိမ်ပြန် ချိန်မှာ ရခဲ့တဲ့လုပ်အားခလေးကို အမေ့ကိုပေးရတဲ့ အချိန်တိုင်းဟာ အပျော်ရွှင်ဆုံးအချိန်ဖြစ်ပါတယ်။ အမေက ကျွန်တော့်ဘဝ၊ အမေပျော်ရင် ကျွန်တော် ပျော်တယ်။ အမေပြုံးရင် ကျွန်တော်ပြုံးတယ်။ အမေ မဲ့ရင် ကျွန်တော်မဲ့တယ်။ အမေငိုရင် ကျွန်တော်ငိုတယ်။ အမေကိုချစ်တဲ့သားပါ။ အမေစိတ်ချမ်းသာရင်ပြီးရော ဆိုတဲ့သားမျိုး။ ပန်းရန်နောက်လိုက်ဘဝကနေ သံလက် ကိုင်ဘဝရောက်လာတော့ အမေ့အတွက် နားကပ်လေး တစ်ရန်လုပ်ပေးနိုင်ခဲ့တယ်။ အမေကလဲ စုတတ် ဆောင်းတတ်၊ ကျွန်တော်ကလဲ အသောက်အစား ကင်းကင်းဆိုတော့ ကျွန်တော်တို့သားအမိနှစ်ယောက် အဆင်ပြေလာခဲ့တယ်။ စားဝတ်နေရေးသာမက အပိုငွေလေးနဲ့ အမေ့ကို ရွှေတွဲလဲ၊ ငွေတွဲလဲ ဆင်ပေး နိုင်ခဲ့တယ်။ မိဘကိုလုပ်ကျွေးတဲ့သူက ရှာဖွေရတာ ပိုလွယ်တယ်ဆိုတဲ့စကားက သိပ်မှန်ပါလားလို့လဲ သိလာရတယ်။ ပန်းရန်လုပ်သက်ရှစ်နှစ်ကျော်လောက် မှာ အများအသိအမှတ်ပြုခံရတဲ့ ပန်းရန်ဆရာတစ် ယောက်ဖြစ်လာခဲ့ပါပြီ။ လက်ရာကောင်းတယ်၊ သန့် ရှင်းသေသပ်တယ်၊ စေတနာပါတယ်ဆိုတဲ့ ဂုဏ်ပုဒ် တွေနဲ့ လူကြားမှာ ချီးကျူးခံခဲ့ရသလို အလုပ်အပ်သူ တွေကလဲ ကျွန်တော့်အတွက် မရှားဟုပြောရမှာပါ။

(၂)

"ဆရာ"

"အေး ဘာလဲပြော ဖြိုးဝေ"

"ဟိုလေ ဆရာ့ကို ပြောစရာလေးရှိလို့"

"ဘာလဲ မင်းပိုက်ဆံလိုပြန်ပြီလား။ ဒါမှမဟုတ် အလုပ်နားချင်လို့လား"

"မဟုတ်ဘူးဆရာ။ ဆရာ့ကို အသိပေးစရာလေး ရှိလို့ပါ"

"ထူးထူးဆန်းဆန်းပါလားဖြိုးဝေရ။ ကဲ. . . အသိ ပေးစရာရှိလဲပေးကွာ လုပ်ငန်းကိစ္စပဲလား"

ဖြိုးဝေက ကျွန်တော့်ကိုတစ်ချက်ကြည့်ကာ ပြော သင့်၊ မပြောသင့် စဉ်းစားနေပြီးမှ-

"ဒီလိုဆရာ အရပ်ထဲမှာလဲ ပြောနေကြလို့ ဆရာ့ ကိုပြန်ပြောချင်နေတာကြာပြီ။ ဟုတ်မယ် မဟုတ်ဘူး ဆိုတာတော့ ကျွန်တော်လဲမသိဘူး။ ဒါပေမဲ့ ပြောသင့် တယ်ထင်လို့ ဆရာ့ကိုပြောရတာ။ ဆရာ့အမေက လူတစ်ယောက်နဲ့ ဘာလိုလို ညာလိုလိုသတင်းတွေ ထွက်နေလို့။ အဲဒီလူကလဲ ဆရာမရှိချိန် နေ့ခင်းပိုင်း တွေမှာ ခဏခဏလာနေတယ်လို့ ပြောနေကြတယ်"

ဖြိုးဝေကပြောပြီး ခေါင်းလေးငုံ့နေတယ်။ ကျွန် တော်နားကြားများလွဲလေသလား။ ဘယ်လိုမှထင်မထား တဲ့စကားတွေကြားရတော့ ကိုယ့်နားကိုတောင်မယုံချင်။ နောက်ပြောင်ပြောနေတာဖြစ်ပါစေလို့ ကလေးတစ် ယောက်လို ဆုတောင်းလိုက်မိတယ်။

"ဟုတ်မှလဲပြောပါဖြိုးဝေရာ ဘာလိုလိုညာလိုလို ဆိုတာ ဘာကိုပြောတာလဲဖြိုးဝေရ။ ငါ့ကို ပွင့်ပွင့် လင်းလင်းပြောကွာ။ လူတစ်ယောက်နဲ့ဆိုတာကကော ဘယ်ကလူလဲ"

"ဟုတ်ပါတယ်ဆရာရဲ့။ မနက်ကတောင် ကျွန် တော်ကြားခဲ့ရသေးတယ်။ ဆရာ့အမေကိုပြောနေကြ တာ ကုပ်ကမြင်းတဲ့။ နောက်ပြီး"

"အေး နောက်ပြီး ဘာဖြစ်လဲ"

နောက်ထပ် ဖြိုးဝေပါးစပ်ကထွက်ကျလာမဲ့စကား တွေကို ငံ့လင့်ရင်း ပလီပလာအလိမ်ညာစကားတွေဖြစ်ပါ စေလို့သာ ဆုတောင်းနေမိတယ်။

"ဆရာ့အမေက လူတစ်ယောက်နဲ့ တိတ်တိတ်ပုန်း ညားနေတယ်တဲ့ဗျ။ ဘယ်ကလူလဲဆိုတာတော့ ကျွန် တော်လဲမသိဘူး"

"ဘာ ဟေ့ကောင်ဖြိုးဝေ တော်ပြီ။ ပေါက်ကရ တွေလျှောက်မပြောနဲ့"

တကယ်တော့ ဖြိုးဝေက ကျွန်တော့်ကို နာကျင်ခံ ခက်ဖြစ်စေဖို့ ပေါက်ကရတွေပြောနေတာမဟုတ်မှန်း သိပေမဲ့ ကျွန်တော်ကိုယ်တိုင်က မကြားဝံ့မကြားရဲ ခြင်းသာဖြစ်ပါတယ်။ တဒင်္ဂလွတ်သွားတဲ့စိတ်လေးကို ပြန်ထိန်းလိုက်ပြီး ဘာမှမဖြစ်သလို ဖြိုးဝေကို ပြုံးပြလိုက်တယ်။

"အဲဒါဘာဖြစ်လဲဖြိုးဝေရ။ ငါ့အမေက လင်ယောကျ်ား မရှိတဲ့မုဆိုးမ။ အခုမှအသက်က လေးဆယ်ကျော်ပဲ ရှိသေးတာ။ ကြိုက်တဲ့လူရှိရင် နောက်ထပ်ယောကျ်ား ယူလို့ရသေးတယ်။ အဲဒါအဆန်းလုပ်လို့ကွာ။ ပါးစပ် ရှိလို့ပြောတာပြောကြစမ်းပါစေ။ တစ်ခုတော့ရှိတာပေါ့ ကွာ သားကြီးမယားကြီးတွေနဲ့ အိမ်ထောင်မရှိတဲ့ ယောကျ်ားတစ်ယောက်တော့ဖြစ်ဖို့လိုတာပေါ့"

ကျွန်တော့်စကားကြားရတော့ ဖြိုးဝေမျက်နှာလေး က ကြည်လင်သွားတယ်၊ ကျေနပ်သွားတယ်။ ဒါပေမဲ့ ကျွန်တော့်ရင်မှာ မကြည်လင်နိုင်သလို မကျေနပ်နိုင် ခဲ့ဘူးဆိုတာ ကျွန်တော်ကလွဲ၍ အခြားဘယ်သူတွေက များ သိနိုင်ပါ့မလဲ။

(၃)

ဟိုတစ်လောက အလုပ်ကနေအိမ်ပြန်လာတော့ မိုးချုပ်နေပါပြီ။ မီးကလဲပျက်နေတော့ အမှောင်ထုကပဲ အရာရာကို လွှမ်းမိုးနေတဲ့အချိန်။ အိမ်တန်းပြန်မလာသေးဘဲ လမ်းထိပ်ကလက်ဖက်ရည် ဆိုင်မှာ ဝင်ထိုင်နေမိတယ်။ လက်ဖက်ရည်ဆိုင်ရှိ လူအားလုံးကလဲ ပြထားတဲ့ဘောလုံးပွဲကိုပဲ စိတ်ဝင်တစားကြည့်နေကြတာ။ ခဏအကြာမှာ ကျွန် တော့်ဘေးနားက ခုံလွတ်တစ်ခုကို အခြားတစ်ယောက် ဝင်ထိုင်တယ်။ ချဉ်စုတ်စုတ်အနံ့ရလို့ကြည့်လိုက်တော့ ရပ်ကွက်ထဲက အရက်သမားလူမိုက်ငွေအောင်ကို တွေ့လိုက်ရတယ်။ ငွေအောင်ကလူမိုက်လို့သာပြော ရတာ သူလုပ်လိုက်လို့ ဆေးရုံရောက်ရတဲ့လူရယ်လို့မရှိ။ သူပဲ ခဏခဏဆေးရုံရောက်ရတယ်ကြားဖူးတာ။ မိဘ တွေက အတော်အတန်ပြည့်စုံတော့ အလုပ်မရှိ၊ အကိုင် မရှိ အရက်ဆိုင်တကာပတ်ပြီး သောက်နေတဲ့သူ။ နောက်ခံအသိုင်းအဝိုင်းကလဲ ဆွေကြီးမျိုးကြီးဆိုတော့ ထစ်ခနဲဆို ရန်ဖြစ်ဖို့လောက် စဉ်းစားတတ်တဲ့သူ။ သူ့အမျိုးတွေကလဲ တစ်ရပ်ကွက်လုံး လက်ညှိုးထိုးမလွဲ။ နာရီကိုကြည့်လိုက်တော့ရှစ်နာရီခွဲခါနီးနေပြီ။ အမေလဲ မျှော်နေလောက်ပြီ။ ထမင်းစားဖို့စောင့်နေမှာပါလား လို့တွေးမိပြီး စားပွဲထိုးကောင်လေးကိုခေါ်ကာ ပိုက်ဆံ ရှင်းလိုက်တယ်။ အဲဒီမှာ ငွေအောင်က-

"ဟေ့ကောင် မင်းမုဆိုးမသားမဟုတ်လား။ ဘာလဲ ငါလာလို့ထပြန်တာလား။ ပြန်မယ်ဆိုလဲ ငါ့အတွက်ပါ လက်ဖက်ရည်ဖိုးရှင်းခဲ့ကွာ"

"ဟာ ကိုငွေအောင် ခင်ဗျား ဘယ်လိုပြော လိုက်တာလဲ"

"ငါ ဘာပြောလိုက်လို့လဲ မင်းအမေက မုဆိုးမ မဟုတ်လို့လား"

လက်ဖက်ရည်ဖိုးရှင်းရတာ အရေးမကြီးပေမဲ့ မုဆိုးမသားလို့အခေါ်ခံရတာက အောင့်သက်သက် ခံစားရတယ်။ ကျွန်တော်ကလဲ စိတ်ဆတ်တတ်သူ။ နောက်ပြီး အမေ့ကို လုံးဝအထိမခံနိုင်တဲ့ကျွန်တော်။

"ဟေ့လူ ခင်ဗျား မိုက်ရိုင်းလှချည်လားဗျ"

"မင်းက မုဆိုးမသားမဟုတ်လို့ ဘာလဲကွ။ ဩော်. . . သိပြီ သိပြီ ပထွေးအောင်ခင်သား"

"ခွမ်း"

ကျွန်တော်စိတ်မထိန်းနိုင်တော့ဘဲ ဘေးမှာရှိတဲ့ ခုံပုတစ်လုံးကိုဆွဲယူရိုက်လိုက်တယ်။ ငွေအောင်ထိုင်ခုံ ပေါ်ကပြုတ်ကျသွားလေရဲ့။ ငွေအောင်ပြောတဲ့ ပထွေး အောင်ခင်ဆိုတာ ကျွန်တော်မသိ။ နောက်ရက်မနက် ရပ်ကွက်ရုံးကခေါ်လို့သွားပြီး ဖြေရှင်းခဲ့ရတယ်။ ဆေးဖိုးဝါးခအဖြစ် ပိုက်ဆံ ၁၀ သိန်းနဲ့ ကျေအေးဖို့ တောင်းပန်ခဲ့ရတယ်။ အစားမတော်တစ်လုတ်၊ အသွား မတော်တစ်လှမ်းဆိုတဲ့အတိုင်း ကျွန်တော် အသွား မတော်လို့ ဖြစ်ခဲ့ရတယ်ဆိုပေမဲ့ ကျွန်တော်သွားတဲ့ နေရာမှာ ငွေအောင်သာမရှိခဲ့ရင် အခုလိုအကုသိုလ် ဖြိုဟ်ဝင်မှာမဟုတ်။ အဲဒီနောက်ပိုင်း လက်ဖက်ရည်ဆိုင် မထိုင်ဖြစ်တော့ပါ။ ငွေအောင်ဆိုတဲ့ငမူးကိုလဲ ရှောင်ရင်းပေါ့။

(၄)

တစ်ရက်မှာတော့ ဆိုက်ထဲအလုပ်လုပ်နေတဲ့အချိန် ကျွန်တော့်ဆီဖုန်းဝင်လာတယ်။ ကြည့်လိုက်တော့ အမေ့ဖုန်း။ ပတ်ဝန်းကျင်က ဆူညံဆူညံစကားပြောသံ တွေလဲ ကြားနေရတယ်။

"သားလား အရေးကြီးလို့ အိမ်ပြန်ခဲ့အုံး"

အမေ့အသံက ကတုန်ကယင်ဆိုတော့ ကျွန် တော်တအားပူမိတာအမှန်

"ဘာတွေဖြစ်နေကြတာလဲအမေ လူသံတွေလဲ ကြားနေရတယ်"

"ဘာမှမဖြစ်ပါဘူးသား။ စိတ်အေးအေးထားပြီး အိမ်သာပြန်လာခဲ့"

အိမ်ရောက်တော့ ရပ်ကွက်လူကြီးနဲ့အတူ အခြား လူလေး၊ ငါးယောက်ကိုလဲတွေ့ရတယ်။ ငွေအောင် အဖေလဲပါတယ်။ ကျွန်တော် တစ်ခါမှမမြင်ဘူးတဲ့ သူစိမ်းတစ်ယောက်ကလဲ အမေ့အနားမှာရှိနေတယ်။ ဦးအောင်ခင်ဆိုတဲ့လူဖြစ်မယ်လို့ ခန့်မှန်းမိလိုက်တယ်။

"ဒီလိုမောင်ဝေယံရေ ဦးတို့က သတင်းရလို့လာရှာ တာ။ မောင်ဝေယံရဲ့ကိုယ်ကျင့်တရားနဲ့ ဒီက ဒေါ်ခင်မြ တို့ရဲ့သိက္ခာကို ဦးကယုံကြည်ပြီးသားပါ။ ဦးယုံကြည်တဲ့ အတိုင်းလဲ ဘာမှမတွေ့ရဘူး။ ဒါပေမဲ့ ဦးပြောချင် တာက မောင်ဝေယံရဲ့မိခင်နဲ့ ဒီဘက်က ဦးအောင်ခင် တို့ကိစ္စက ရပ်ကွက်ထဲမှာ ပြောစရာတွေဖြစ်နေ တယ်။ ဒီတော့"

စာမျက်နှာ ၂၅သို့ ➤

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ နေကြာအပါအဝင်အခြားဆီထွက်သီးနှံများစိုက်ပျိုးထားရှိမှု စစ်ဆေး



**မလှိုင် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေချိုဘုတာအုပ်စု ဆည်ကြီးကျေးရွာတွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကော်မတီဝင်များနှင့်အတူ ဆည်ကြီးကျေးရွာရှိ တောင်သူ ၆၇ ဦးက နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို သက်ဆိုင်ရာဦးစီးဌာနများနှင့်ပူးပေါင်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးကျေးရွာတွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည့် တောင်သူများ လိုအပ်သော မျိုးစေ့နှင့်သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်မတည်ငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါချေးငွေများဖြင့် ကျေးရွာရှိ ဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူ ၆၇ ဦးက နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

➤ စာမျက်နှာ ၂၄မှအဆက်

"ဟုတ်ကဲ့ ရပါပြီဦး။ ကျွန်တော် သဘောပေါက်ပါတယ်"

တမာပေါ် သကာလောင်းတဲ့စကားတွေကို နားမထောင်လိုတော့ပါ။ တကယ်ဆို ဥပဒေနဲ့မလွတ်ကင်းတဲ့ပစ္စည်းလာရှာတယ်ဆိုရင်လဲ ရှာဖွေပုံစံနဲ့ ရဲတစ်ယောက်တလေတော့ပါလာရမှာပေါ့။ ဌေးအောင်တို့အုပ်စု လက်ချက်ဆိုတာလဲ သိလိုက်ပါတယ်။ တကယ်တော့ ပတ်ဝန်းကျင်က ရမယ်ရှာပြီး အမေ့ကိုအမိဖမ်းပြကာ တမင်သိက္ခာချအရှက်ခွဲလိုက်တာ။

တစ်နေ့တော့ တွေ့ကြအုံးမှာပေါ့ ဌေးအောင်ရာ။

လူငယ်ပီပီရင်ထဲမှာမှတ်ထားလိုက်တယ်။ ဌေးအောင်အပေါ် အမုန်းမီးအာယာတတရားက ရင်ထဲမှာ စတင်ကိန်းအောင်းခဲ့ပါပေါ့။ အမေကတော့ ကျွန်တော့်ကို အားနာတဲ့အကြည့်လေးနဲ့ကြည့်နေရှာတယ်။ အမေ့မျက်ဝန်းမှာ မျက်ရည်စလေးတွေတွဲခိုနေတာတွေ့ရတယ်။ ခွင့်လွှတ်ပါသားရယ်လို့ အမေပြောချင်နေတာ ကျွန်တော်သိတယ်။ ကျွန်တော် အမေ့ကို ပြေးဖက်လိုက်မိတယ်။ အမေ ဘာပဲလုပ်ခဲ့လုပ်ခဲ့ အမေ့ကိုချစ်တဲ့စိတ်က ပျက်ပြယ်မသွားခဲ့တာအမှန်ပါ။ အမေ့အနားကပ်ပြီး တိုးတိုးလေးပဲ ပြောလိုက်မိတယ်။

"အမေ သားကို အားနာစရာမလိုပါဘူး။ အမေ အပြုံးပျက်မှာပဲ ကျွန်တော်စိုးရိမ်တာပါ။ အမေစိတ်ချမ်းသာနေတာကြည့်ပြီး သားပျော်နေတာပါ။ အမေနေတတ်သလိုနေနော်။ အမေပြုံးရင် သားပြုံးနိုင်ပါတယ်"

အမေ့ရဲ့လက်လေးနှစ်ဖက်က ကျွန်တော့်ကျောပြင်ကိုသိုင်းယှက်ထားတယ်။ ပြီးတော့ ပါးမို့မို့ပေါ်မှာစို့နေတဲ့ကျွန်တော့်ရဲ့မျက်ရည်စလေးကို အမေက နူးညံ့စွာသုတ်ပေးတယ်။ အမေဆိုတာ သားတွေအတွက် မျက်ရည်သုတ်ပေးတဲ့လက်ပိုင်ရှင်တွေမဟုတ်ပါလား။ တကယ်တော့ အမေရယ် အမေ့မှာလဲ အပြစ်မရှိသလို သားမှာလဲအပြစ်မရှိပါဘူး။ ပတ်ဝန်းကျင်ကိုလဲ အပြစ်မတင်ပါဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာ တစ်ခါတစ်ရံ ကိုယ်နဲ့မဆိုင်တဲ့အရာတွေကိုလဲ ကိုယ်နဲ့ဆိုင်တယ်ထင်ပြီး လုပ်ချင်ရာလုပ်တတ်ကြပါလားလို့ သားနားလည်လိုက်ပါတယ်။ ပတ်ဝန်းကျင်ကိုအပြစ်မတင်နားလည်ပေးနိုင်ပေမဲ့ ဌေးအောင်အပေါ်မှာတော့ အမုန်းမီးက ရင်ထဲမှာပိုလို့သာတောက်လောင်လာခဲ့ပါတယ်။

(၅)

နောက်ရက်မနက် အမေနဲ့ ဦးအောင်ခင်တို့နှစ်ယောက်ရုံးတက်လက်မှတ်ထိုးသွားနေကြချိန်မှာ ကျွန်တော်ဘုန်းကြီးကျောင်းဘက်ကို လမ်းလျှောက်ရင်းထွက်လာခဲ့တယ်။ အိမ်နဲ့ကျောင်းနဲ့က သိပ်မဝေးလှ၊ မျက်စောင်းထိုးလောက်မှာပဲရှိတာ။ အမေတို့အတွက် နီးရာကလူကြီးသူမတွေကိုဖိတ်ကြားပြီး အသိအမှတ်ပြုပွဲလေးလဲလုပ်ပေးရင်း ဘုန်းကြီးငါးပါးပင့် ဆွမ်းကပ်ချင်တာလဲပါတယ်။ ဘုန်းကြီးကျောင်းပေါက်ဝမှာ ဌေးအောင်ကိုတွေ့လိုက်ရတော့ အလိုလိုဒေါသထွက်လာခဲ့ပေမဲ့ လာရင်းကိစ္စကိုပြန်သတိရပြီး စိတ်ကိုထိန်းထားလိုက်နိုင်ပါတယ်။

ဘုန်းကြီးကျောင်းရောက်တော့ ကျောင်းထိုင်ဆရာတော်ကဆွမ်းစားကြွနေလို့မတွေ့ရဘူး။ လက်ထောက်ဦးပဥ္စင်းလေး ဦးပညာဒီပနဲ့ပဲတွေ့ရတယ်။ ကျွန်တော်နဲ့ဦးပဥ္စင်းလေးက အခုမှတွေ့ဖူးတာမဟုတ် လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က အိမ်မှာဆွမ်းခံအမြဲကြွနေကျမို့ ရင်းရင်းနှီးနှီးရှိခဲ့ဖူးတယ်။ ဆရာတော်ကျန်းမာရေးမကောင်းလို့ပြုစုနေရင်း ဆွမ်းခံမကြွဖြစ်တော့တာ။

"ဒကာလေး ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါဦးပဥ္စင်းဘုရား။ မနေ့က တပည့်တော်တို့အိမ်မှာဖြစ်ခဲ့တဲ့အဖြစ်အပျက်တွေကို ဦးပဥ္စင်းလဲ ကြားသိပြီးဖြစ်မှာပါဘုရား။ မအပ်စပ်လို့မလျှောက်တင်တော့ပါဘူး။ တပည့်တော်လာရင်းအကြောင်းကတော့ အိမ်မှာ ဆွမ်းကပ်ချင်လို့ လာပင့်တာပါဘုရား"

"ကျုပ်တို့နဲ့မအပ်စပ်ပေမဲ့ ကြားမိတယ်ဒကာလေး။ အခုလိုမဖြစ်ခင်ကတည်းက ဒကာလေးတို့ စောစောစီစဉ်ရမှာ"

"တင်ပါ့ဘုရား တပည့်တော်လဲ အမေ့ကိုမမေးရသေးတာလဲပါတယ်။ ဒီလိုဖြစ်လာလိမ့်မယ်လို့လဲ ထင်မထားဘူးဘုရား။ အခုဖြစ်သွားတာက တပည့်တော်အိမ်မှာ ဥပဒေနဲ့မလွတ်ကင်းတာဘာမှမရှိဘူးဆိုတာသိလျက်နဲ့ တပည့်တော်အမေကို တမင်သက်သက်အရှက်ခွဲချင်လို့လုပ်တယ်ဆိုတာ ထင်ရှားပါတယ်ဘုရား။ ဌေးအောင်တို့အုပ်စု မွှေတယ်ဆိုတာလဲတပည့်တော် သိပါတယ်ဘုရား"

"အင်း ဒကာလေးက သူများကို အပြစ်ရှာနေပြန်ပြီ"

"တပည့်တော်အပြစ်ရှာပြောတာ မဟုတ်ပါဘူး။ တကယ့်အဖြစ်ကို ပြောပြတာပါဘုရား"

"အဲဒါကိုပြောတာမဟုတ်ဘူးဒကာလေးရဲ့ ဒကာလေးနားလည်အောင် ဦးပဥ္စင်းတစ်ခုပြောပြမယ်။

တစ်ခါက ဆရာတော်ကြီးတစ်ပါး ကျောင်းအပေါ်ထပ်မှာထိုင်နေတုန်း ကျောင်းအောက်မှာ ခွေးနှစ်ကောင်ကိုက်နေသတဲ့။ နားမခံသာလို့ ခွေးနှစ်ကောင်ကိုရိုက်မယ်ဆိုပြီး ကြိမ်လုံးကိုင်ကာ ကျောင်းအောက်ကို ဆင်းလာတယ်။ အောက်ဆုံးလှေကားထစ်ရောက်မှ-

'ငါကောဆို သုံးကောင်ဖြစ်သွားရချည်ရဲ့'လို့ ဆင်ခြင်တော်မူပြီး ကျောင်းပေါ်ပြန်တက်သွားခဲ့သတဲ့။ ဦးပဥ္စင်းဆိုလိုတာက မကောင်းတဲ့ပတ်ဝန်းကျင်မှန်းသိတယ်ဆိုရင် အဲဒီဝန်းကျင်ကို ကိုယ်ကပြန်ပြီးတုံ့ပြန်ဖို့မလိုဘူးဒကာလေး။ ကိုယ်ကတုံ့ပြန်ခဲ့ရင် ဆရာတော်ကြီးဆင်ခြင်တော်မူသလို ကိုယ်ကောဆို သုံးကောင်ဖြစ်သွားမှာပေါ့။

တကယ်တော့ဒကာလေးရယ် သံသရာမှာကျင်လည်နေရသမျှပတ်ဝန်းကျင်ကတော့ရှိနေအုံးမှာပဲ။ အကောင်းအဆိုးဒွန်တွဲနေတာကိုက လောကသဘာဝပဲမဟုတ်လား။ ကောင်းတဲ့ပတ်ဝန်းကျင်လဲရှိမယ်၊ မကောင်းတဲ့ပတ်ဝန်းကျင်လဲရှိမယ်။ ပတ်ဝန်းကျင်နဲ့ကင်းပြီး တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားဖို့ဆိုတာက မလွယ်ဘူးဒကာလေး။ ဒီတော့ အကောင်းကိုလိုချင်ရင် ကိုယ်ကအရင်ကောင်းပြလိုက်ပါ။ အဆိုးထဲမှာနေချင်ရင် ကိုယ်ပါလိုက်ဆိုးပြရုံပဲဒကာလေး။ ပြောရရင်တော့ ကောင်းတဲ့ပတ်ဝန်းကျင်ကိုရှာဖွေပြီး မကောင်းတဲ့ပတ်ဝန်းကျင်ကို ကျော်ခိုင်းတတ်ဖို့ပဲလိုတယ်။ ပတ်ဝန်းကျင်ဆိုတာ နေတတ်ရင်ဆေး၊ မနေတတ်ရင်ဘေးဖြစ်တတ်တယ်။ ဒါပေမဲ့ မိဘနဲ့ ပတ်ဝန်းကျင်ယှဉ်လာပြီဆိုရင်တော့ မိဘက ကံကြီးထိုက်တဲ့အရာမျိုးဖြစ်တဲ့အတွက် မိဘကိုဒေါသအလျောက်မပြစ်မှားကောင်းဘူး။ လူတွေအကြောင်းကို လူတွေကပဲသင်ပေးတယ်ဆိုတဲ့စကားကမှန်ပေမဲ့ ပတ်ဝန်းကျင်ကို ဓမ္မစက္ခုအမြင်၊ ဉာဏစက္ခုအမြင်နဲ့ပေါင်းစပ်ပြီး မမြင်နိုင်သေးသမျှတော့ တိမ်းစောင်းနေအုံးမှာပဲဒကာလေး"

"မှန်လှပါ သဘောပေါက်ပါပြီဘုရား"

ကျွန်တော်ဘာလုပ်ရမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သိလိုက်ရတယ်။ ကျောင်းကအပြန်မှာတော့ ဌေးအောင်အပေါ် ထားခဲ့တဲ့ အာယာတဆိုတဲ့ ရင်ထဲကငုတ်ကို နုတ်ပစ်နိုင်ခဲ့တယ်။ အခုတော့ ကျွန်တော့်ရင်မှာသောကကင်းစင်အမြင်ကြည်လင်လျက်. . .။

## အမျိုးသားနေ့ တို့မမေ့

\- ကိုလိုနီ စနစ်ဆိုးက
အညစ်ပျိုး တို့နိုင်ငံ၊
အများလူ ပညာရေး
နှောင့်နှေးရေးကြံ၊
ပညာမတတ် "အ"စေရန်
မလှည့်ကွက် ကျွန်ဇာတ်သွင်း၊
ဘဝတွေ မတောက်ပ
အောက်ကျစေခြင်း။

\- အတ္တဆောင် စိတ်ရင်တွင်းနှင့်
ပြည်သူချင်း သွေးကွဲဆောင်၊
ဘဝတွေ တန်ဖိုးပျက်
တိုးတက်လမ်းရှောင်၊
တစ်ပြည်လုံး အမိုက်မှောင်
ဆိုက်ရောက်အောင် ပြုခဲ့ကြ၊
တို့ဘာသာ တို့အမျိုး
ဂုဏ်ညှိုးရန်ပ။

\- လတန်ဆောင် ဆယ်ရက်မှ
မခံအစ ကျောင်းသားတွေ၊
မျိုးချစ်သူ စိတ်ဓာတ်ကောင်း
ကိန်းအောင်းစိတ်နေ၊
ဝံသာနု စိတ်ဓာတ်အခြေ
မိတ်ဆက်ပေ မူမကွဲ၊
လွတ်လပ်ရန် တစ်ဆင့်ချင်း
ဆောင်ကြဉ်းအောင်ပွဲ။

\- ကြိုးကုတ်ဆောင် သတ္တိခဲတို့
တူယှဉ်တွဲ သတိဝင်၊
ကိုယ့်နိုင်ငံ ကိုယ့်အမျိုး
ကောင်းကျိုးဆောင်ရှင်၊
တန်ဆောင်မုန်းဆယ်ရက်ရောက်လျှင်
ရင်ခွင်လွှာ တို့မမေ့၊
အသိဆောင် တန်ဖိုးထား
အမျိုးသားနေ့။ ။

(တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျရောက်သော အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်)

**ထက်မြတ်(သနပ်ခါးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အကျင့်ကောင်းအရေးကြီးကြောင်း

ပညာကျန်းထော

**"စာမှန်မှန်မဖတ်ဘဲ သူ့ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေနိုင်သူ၊ အကြီးအကျယ်အောင်မြင် သွားသူရယ်လို့ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ တစ်ယောက်မှ မတွေ့ခဲ့ဖူးပါဘူး။"**

**အမေရိကန်ဘီလျံနာသူဌေး ဝါရင်ဘတ်ဖတ်**

**Billioner Waren Buffet**

အကယ်၍ သင်ဟာ ကိုယ့်အလုပ်နဲ့သက်ဆိုင်တဲ့ ပညာရပ်၊ ဘာသာရပ်နဲ့ပတ်သက်တဲ့ စာအုပ်စာပေ၊ ဗဟုသုတတွေကို နေ့စဉ်မပြတ် နာရီဝက်(မိနစ် ၃၀ လောက်)စိတ်ဝင်တစားဖတ်ရှုလေ့လာမှတ်သားမယ်ဆိုရင် Ph.D ဒေါက်တာဘွဲ့ရသူနဲ့ ယှဉ်နိုင်တယ်ဆိုတာ ဖတ်ဖူးတယ်။ နေ့စဉ်နေ့တိုင်း ဘာမှမစားဘဲ အစာငတ်ခံနေတတ်သူတော့ မတွေ့ဖူးဘူး။ အစာအာဟာရဆိုတာ ထမင်းဖြစ်ဖြစ်၊ ခေါက်ဆွဲဖြစ်ဖြစ်၊ ပလာတာဂျုံမုန့်ဖြစ်ဖြစ်၊ ပေါင်မုန့်ဖြစ်ဖြစ် တစ်ခုခုတော့ လူတွေ နေ့တိုင်းစားနေကြတာပဲလေ။ ဝမ်းဗိုက်က အစားအစာကို စားဖို့၊ ဖြည့်ဖို့လိုသလို **လူရဲ့ဦးနှောက်ကလည်း အသိပညာဗဟုသုတ၊ သတင်းအချက်အလက်၊ အသိအမြင်သစ်တွေ ကျွေးပေးဖို့လိုတာပဲ။** သို့မဟုတ်ရင် သံချေးတက်တဲ့ ခွေးသွားစိပ်တွေလို ယိုယွင်းပျက်စီးပြီး အမြင်မှား၊ အတွေးမှား၊ ဆုံးဖြတ်ချက်မှား၊ ယူဆချက်မှား၊ အလုပ်အကိုင်အလွဲအမှားတွေနဲ့ ဒုက္ခရောက်တတ်ပါတယ်။

တကယ်တော့ လောကကြီးမှာ သိစရာ၊ တတ်စရာ ဗဟုသုတဉာဏ်ပညာတွေဟာ ဧဝရက်တောင်ထက်လည်း ပိုမြင့်ပါတယ်။ ပင်လယ်သမုဒ္ဒရာတွေထက်လည်း ပိုကျယ်ပါတယ်။ အားလုံးကိုသိဖို့ရာမဖြစ်နိုင်ပေမယ့် ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေ၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ဆိုင်သမျှလေးကိုတော့ အမှန်အတိုင်း၊ ပကတိအခြေအနေအရှိတရားနဲ့ ကာလသုံးပါးအကြောင်း အကျိုးပြောင်းလဲပုံလောက်တော့ သိနားလည်ထားဖို့ကောင်းတာပေါ့။ သိလေကောင်းလေပါ။

အောင်မြင်တဲ့သူ၊ ချမ်းသာတဲ့လူတွေဟာ လူရာမဝင်သူ၊ မအောင်မြင်သူ၊ ဆင်းရဲသူတွေထက် ဘာများပိုပြီးကံကောင်းခဲ့လို့လဲ။ အဓိက ဘာများကွာခြားနေသလဲ။ မြန်မာ့ရိုးရာအစဉ်အလာကတော့ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ်ပေါ့။ ဝီရိယရှိမှ၊ ဝီရိယကောင်းမှ ဉာဏ်ထက်တယ်။ ဉာဏ်ကောင်းမှ လမ်းကောင်းလမ်းမှန်ရွေးချယ်တတ်ပြီး ကံကောင်းအောင်လုပ်ဆောင်နိုင်ပေတယ်။ **အခြေခံအကျဆုံး အရင်းအမြစ်အချက်က လုံ့လဝီရိယရှိအောင် မိမိကိုယ်ကိုနှိုးဆော်ဖို့ရာပဲ။**

စာမှန်မှန်ဖတ်တဲ့လူတွေဟာ သူတို့ရဲ့ဘဝကို တစ်စတစ်စတိုးတက်ကောင်းမွန်အောင် ပြောင်းလဲနိုင်ကြစမြဲဖြစ်ပါတယ်။ စာမဖတ်တဲ့သူကတော့ အသက်မွေးဝမ်းကျောင်းဘာပဲလုပ်လုပ် ကြီးပွားတိုးတက်လောက်အောင် အမြော်အမြင်၊ အကြံကောင်း၊ ဉာဏ်ကောင်းမရနိုင်ဘူးပေါ့။ အသိအမြင်ဗဟုသုတဆိုတာ စွမ်းအားတစ်မျိုး စွမ်းအင်ကိုနှိုးဆော်တဲ့အရာပါပဲ။ စာဖတ်လေလေ၊ တိုးတက်လေလေပါ။

စာဖတ်သူကိုင်နေတဲ့ လက်ကိုင်ဖုန်းမှာ အင်တာနက်သတင်းအချက်အလက်တွေ ရှိနေတာပဲ။ လေ့လာကြည့်လိုက်ပါလား။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးပုဂ္ဂိုလ်များအနေနဲ့ အောင်မြင်ကျော်ကြားနေကြတဲ့သူတွေ၊ ဝါရင်းဘတ်ဖက်၊ ဘီလ်ဂိတ်၊ လီကာရှင်း၊ မက်ဇူကာဘတ်၊ အီလွန်မတ်စ် စတဲ့သူတွေအားလုံးက စာအလွန်ဖတ်ကြသူတွေဖြစ်နေကြောင်း တွေ့ရပါလိမ့်မယ်။

အီလွန်မတ်စ်ဟာ ကမ္ဘာကျော်ထင်ရှားတဲ့ကုမ္ပဏီများကို အောင်မြင်စွာတည်ထောင်ကြီးပွားခဲ့သူဖြစ်တယ်။ သူပိုင်တဲ့ကုမ္ပဏီပေါင်းများစွာအနက် အောက်ပါကုမ္ပဏီကြီးတွေဟာ ငွေကြေးဒေါ်လာသန်းပေါင်းများစွာထိုက်တန်ပါတယ်။

၁။ Telsa တယ်လ်ဆာလျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်း။

၂။ Space-X အာကာသသို့ ဒုံးပျံ၊ ဂြိုဟ်တုလွှတ်တင်တဲ့လုပ်ငန်း။

၃။ Solar City အမေရိကန်နိုင်ငံမှာ အကြီးဆုံး နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးလုပ်ငန်း။

အီလွန်မတ်စ်ချမ်းသာကြွယ်ဝပုံတော့ မော့ကြည့်ရလောက်အောင် ဝင်ငွေအလွန်များပြားပါတယ်။

**❖ စာဖတ်တဲ့အကျင့်က မိမိကိုယ်တိုင်စတင်ပြုစုပျိုးထောင်ယူရပါတယ်။ စာဖတ်တာဟာ တီဗီကြည့်တာ၊ ရုပ်ရှင်ကြည့်တာ၊ မိတ်ဆွေတွေနဲ့ ဟေးလားဝါးလားအချိန်ဖြုန်းတာ၊ လက်ဖက်ရည်ဆိုင်ထိုင်တာ၊ ကွန်ပျူတာဂိမ်းကစားတာ၊ ဖေ့ဘွတ်ပွတ်နေတာထက် ဘဝကိုသိသိသာသာတိုးတက်ပြောင်းလဲစေတာ အမှန်တကယ်ပါပဲ။ စာဖတ်တဲ့အကျင့်ကို ဘယ်အဆင့်၊ ဘယ်အရွယ်မှာမဆို လေ့ကျင့်ပျိုးထောင်မွေးမြူပါ။ သင့်ရဲ့ရှေ့တည့်တည့်မှာ ယခင်က မမြင်ခဲ့ရတဲ့အောင်မြင်မှုလမ်းကြောင်းဆိုင်ရာ အသိအမြင်၊ အတွေးအခေါ်၊ ဗဟုသုတတွေ သင့်ဆီရောက်ရှိလာကြလိမ့်မယ်။ ဟုတ်ပြီ ဘယ်လိုစာမျိုးတွေဖတ်ရမလဲ။ ဒါဟာပုံသေမရှိဘူး။ မိမိတို့တစ်ဦးချင်းစီရဲ့ ဗီဇ၊ စရိုက်၊ အကြိုက်၊ အထုံ၊ ပါရမီနဲ့လည်းဆိုင်တယ်။ ❖**

တစ်ခါတုန်းက သတင်းစာသတင်းထောက် တစ်ယောက်က ဘီလျံနာသူဌေး အီလွန်မာ့စ် (Elon Musk)ကို အခုလိုမေးခွန်းတစ်ခုမေးပါတယ်။

"ခင်ဗျား ဘာကြောင့် ဘီလျံနာသူဌေးကြီး တစ်ယောက်ဖြစ်လာတာလဲ"

သူက ဖြေတယ်။

**"စာအုပ်တွေ အများကြီးဖတ်လို့ပါပဲ"**

အဖြေက ရိုးရိုးရှင်းရှင်းလေး။ ဒါအရေးကြီးတယ်။

သတင်းထောက်က နောက်ထပ်မေးခွန်းတစ်ခု ထပ်မေးပြန်ပါတယ်။

"ရော့ကက်ဒုံးပျံတွေအကြောင်းကို ခင်ဗျားက ဘာလို့ ဒီလောက်တိတိကျကျ အသေးစိတ်သိနေရတာလဲ"

အီလွန်မတ်စ်က ဖြေပါတယ်။

**"အဲဒါတွေ စာအုပ်ဖတ်ရင်းနဲ့သိသိလာတာပဲ"**တဲ့။

စာအုပ်တွေကို နေ့စဉ်ရက်ဆက် မှန်မှန်ဖတ်ရှုလေ့လာနေရင် အသိအမြင်ဗဟုသုတတွေဟာ ရေစက်ရေပေါက်ကလေးလို သေးသေးငယ်ငယ်ဖြစ်ပေမယ့်လည်း ဆက်ကာဆက်ကာစဉ်ဆက်ကျများပြည့်သောလားသို့ ဆိုသလိုပဲ ရေအိုးရေစည်တွေကို ပြည့်စေတာပေကိုး။ ပညာလိုလားပြီး သိချင်စိတ်၊ တတ်ချင်စိတ်၊ ဖတ်ချင်စိတ်ရှိဖို့ရယ်၊ နေ့စဉ်နေ့တိုင်း ဘုရားရှိခိုးသလို၊ ရေချိုးသလို၊ ထမင်းစားသလို၊ စာအုပ်စာပေကို နာရီဝက်၊ တစ်နာရီ ကိုယ်နှစ်သက်ရာစာအုပ်တွေဖတ်နေဖြစ်မယ်ဆိုရင် ဘဝခရီးအတွက် ကြီးမားတဲ့ခွန်အားနဲ့ စွမ်းရည်တွေရရှိစေမယ်။

သာဓကပြစရာတွေအများကြီးတွေ့ရပါလိမ့်မယ်။

တကယ်တော့ ဘဝဆိုတာ နှစ်ကာလဘယ်လောက်မှ များများကြာကြာရရှိတာမဟုတ်ဘူး။ ကိုယ်တိုင်တွေ့ကြုံခံစားပြီးကြည့်ရမှ၊ မြင်မှ၊ ကြားမှ သိနားလည်နိုင်ရမယ့် ဘဝအတွေ့အကြုံဆိုတာ နည်းနည်းလေးပဲ။ ကျဉ်းကျဉ်းလေးပဲ။ အချိန်ကန့်သတ်ချက်ပေါင်ထဲမှာပဲ။ နေရာကန့်သတ်ချက်ပေါင်ထဲမှာပဲ။ စာအုပ်စာပေဖတ်ရှုရင်တော့ သုတစာပေဖြစ်ဖြစ်၊ ပထဝီ၊ သမိုင်း၊ သိပ္ပံ၊ ဆေးဝါး၊ စိုက်ပျိုးရေး၊ စက်မှု၊ ဥပဒေ၊ နိုင်ငံရေး၊ နိုင်ငံတကာ စသည်။ ရသစာပေပဲဖြစ်ဖြစ်၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ပြဇာတ်၊ သမိုင်း၊ အတ္ထုပ္ပတ္တိ အစရှိသဖြင့်ပေါ့။ ကျယ်ဝန်းပေတယ်။

စာဆိုတာ ဖတ်လေဖတ်လေ သိလေသိလေ။

သိလာလေလေ ပိုပြီးသိမှအကျိုးရှိလှတာကို ပို၍ပို၍ သဘောပေါက်လေလေ။ သိလာတာတွေကို မိမိဘဝမှာ လက်တွေ့လိုက်နာကျင့်သုံး၊ အသုံးချစမ်းကြည့်တော့ ခြေကျင်သွားတာ၊ ပြေးတာထက် ဆိုင်ကယ်စီးသွားရင် ခရီးပိုတွင်သလို လျင်မြန်တာသိလာမယ်။

တစ်နာရီဆို တစ်နာရီ၊ တစ်ရက်ဆို တစ်ရက်၊ **အချိန်ကို တန်ဖိုးအရှိဆုံးအသုံးချတာက စာဖတ်ခြင်းဆိုတာကို ကိုယ်တိုင်စံစားနားလည်လာလိမ့်မယ်။** မူလတန်းပညာထက် အလယ်တန်းပညာသင်ခဲ့သူက ပြောရဆိုရသဘောပေါက်လွယ်၊ မြင်လွယ်တယ်။

အလယ်တန်းလောက်အောင်ခဲ့သူထက် အထက်တန်းပညာသင်ယူခဲ့သူက ပိုမြင်တတ်တယ်။ အထက်တန်းအောင်ခဲ့သူထက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်မြင့်ပညာတက်ခွင့်၊ သင်ခွင့်ရသူက ပိုပြီးစနစ်တကျနဲ့ တွေးခေါ်ဆင်ခြင်တတ်သူဖြစ်လာတာတွေ့ရမယ်။ အတန်းပညာ၊ ကျောင်းသင်အတန်းပညာအရည်အချင်းတူသူချင်းပဲဖြစ်စေကာမူ စာမဖတ်တဲ့လူနဲ့ စာဖတ်သူနဲ့ လူ့အရည်အသွေးချင်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ အကောင်းအဆိုး၊ အကြောင်းအကျိုးဝေခွဲသုံးသပ်နိုင်စွမ်းမှာ မတူနိုင်။

အတန်းပညာစာသင်ခန်းမှာ ဆရာ၊ ဆရာမသင်ပြတဲ့ မှတ်စုမှတ်ရာသင်ခန်းစာတွေက ဘဝမှာအသုံးကျပါတယ်။ မိမိကိုယ်ပိုင်အချိန်မှာ ကိုယ်ဝါသနာထုံရာ စိတ်ပါဝင်စားရာ ပန်းချီ၊ ဂီတ၊ အားကစား၊ ဘာသာဗေဒ စတဲ့ပညာရပ်တွေကို လေ့လာလေ့ကျင့်ပြီး တတ်မြောက်တာလည်း ပိုကောင်းတာပါပဲ။

စာဖတ်ရတယ်ဆိုတာ စာရေးဆရာ၊ သတင်းစာဆရာမှလုပ်ရတဲ့အလုပ်မဟုတ်ပါ။ စာပေလေ့လာဖတ်ရှုတယ်ဆိုတာ ကျောင်းဆရာ၊ ကထိက၊ ပါမောက္ခတွေမှလုပ်ဆောင်ရတာမျိုးမဟုတ်ပါ။ လယ်သမားချင်းအတူတူ တို့ကျေးရွာဂျာနယ်တို့၊ တောင်သူလယ်သမားဂျာနယ်တို့၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာစာအုပ်တို့ ဖတ်တဲ့၊ မှတ်တဲ့သူက ဝင်ငွေပိုကောင်း၊ ပိုချောင်လည်၊ ပိုမိုလျှုံနိုင်တန်းနိုင် သူများတကာကို ကူညီပေးနိုင်ဖြစ်ကြောင်း မြင်ကြရမှာပါ။ လူရည်လူသွေးတောက်ပ။

ပုဂ္ဂလိကအရောင်းဆိုင်တစ်ခုက အရောင်းစျေးဆိုင်ဝန်ထမ်းအချင်းချင်းမှာ စာများများဖတ်တဲ့ဝန်ထမ်း၊ လုပ်ခွင်စည်းကမ်း၊ လုပ်ငန်းသဘောသဘာဝ ပိုမိုကျွမ်းကျင်နားလည်သူက လစာပိုရ၊ ရာထူးမြန်မြန်တိုးပြီး အထက်အကြီးအကဲရဲ့ချီးမြှောက်မှုကို ပိုရမှာပဲ။

စာဖတ်တဲ့အကျင့်က မိမိကိုယ်တိုင်စတင်ပြုစုပျိုးထောင်ယူရပါတယ်။ စာဖတ်တာဟာ တီဗီကြည့်တာ၊ ရုပ်ရှင်ကြည့်တာ၊ မိတ်ဆွေတွေနဲ့ ဟေးလားဝါးလားအချိန်ဖြုန်းတာ၊ လက်ဖက်ရည်ဆိုင်ထိုင်တာ၊ ကွန်ပျူတာ ဂိမ်းကစားတာ၊ ဖေ့ဘွတ်ပွတ်နေတာထက် ဘဝကို သိသိသာသာတိုးတက်ပြောင်းလဲစေတာ အမှန်တကယ်ပါပဲ။

စာဖတ်တဲ့အကျင့်ကို ဘယ်အဆင့်၊ ဘယ်အရွယ်မှာမဆို လေ့ကျင့်ပျိုးထောင်မွေးမြူပါ။ သင့်ရဲ့ရှေ့တည့်တည့်မှာ ယခင်က မမြင်ခဲ့ရတဲ့အောင်မြင်မှုလမ်းကြောင်းဆိုင်ရာ အသိအမြင်၊ အတွေးအခေါ်၊ ဗဟုသုတတွေ သင့်ဆီရောက်ရှိလာကြလိမ့်မယ်။

ဟုတ်ပြီ ဘယ်လိုစာမျိုးတွေဖတ်ရမလဲ။ ဒါဟာပုံသေမရှိဘူး။ မိမိတို့တစ်ဦးချင်းစီရဲ့ ဗီဇ၊ စရိုက်၊ အကြိုက်၊ အထုံ၊ ပါရမီနဲ့လည်းဆိုင်တယ်။

ကိုယ်လုပ်ချင်တာလုပ်ဖို့ဆိုတာ ကိုယ်မလုပ်ချင်တာတွေကိုလည်း အောင့်အည်းသည်းခံပြီးလုပ်ဆောင်နိုင်ရမယ်ဆိုတာ နားလည်လက်ခံရပါမယ်။ **လုပ်ချင်တာလည်း လုပ်ပေါ့။ လုပ်သင့်တာလည်း လုပ်ပေါ့။ လုပ်ရမှာကိုလည်း မလွှဲမသွေလုပ်နေရမယ်။ စာဖတ်ကြဖို့ အရေးကြီးတယ်။**

နေ့စဉ် စာဖတ်ခြင်း၊ စာဖတ်ကျင့်ဆိုတာကတော့ ဘဝမှာ ကြီးပွားအောင်မြင်ကြတဲ့သူတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ပဲ။ သာဓကသက်သေပြမယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၊ ၆၀ လောက်က အင်္ဂလိပ်စာရေးဆရာကြီးတစ်ယောက်က ပွင့်ပွင့်လင်းလင်းနဲ့ ပြတ်ပြတ်သားသား တိတိကျကျပြောခဲ့ဖူးတယ်။ အင်္ဂလိပ်တွေ ၁၉ ရာစုမှာ ဂရိတ်ဗြိတိန်ဆိုပြီး နေမဝင်အင်ပါယာထူထောင်စိုးမိုးခဲ့တာ ၁၈ ရာစုမှာ အင်္ဂလိပ်တွေ စာဖတ်ကြလို့။ စက်မှုအရေးတော်ပုံကြီးပေါ်ပေါက်ခဲ့လို့ပါတဲ့။ ၁၉ ရာစုအင်္ဂလိပ်တွေ စာလုံးဝမဖတ်ကြတော့တဲ့အတွက် ၂၀ ရာစုအင်္ဂလိပ်တွေရဲ့ ဗြိတိန်ဟာ ပြိုလဲကျဆင်းသွားပြီး ၂၁ ရာစုထဲမှာ(ယခင်က ကိုယ့်လက်အောက်ပြားပြားမှောက်ခံစားခဲ့ကြရတဲ့) လူမျိုးတွေကို မော်ကြည့်ရတဲ့အခြေအနေရောက်ကြရလိမ့်မယ်တဲ့။ ပညာရှိများတွေးကြည့်တာက ပြေးကြည့်ထားသလိုပါပဲ။ ယနေ့ ဗြိတိန်ကို အိန္ဒိယလူမျိုးဝန်ကြီးချုပ်၊ အိန္ဒိယမျိုးနွယ် နိုင်ငံခြားရေးဝန်ကြီးတို့က စီမံခြယ်လှယ်နေကြတာကို ကြည့်လိုက်ပေတော့။ တွေ့ပြီပေါ့။

# အမျိုးသားပညာရေးလှုပ်ရှားမှုနှင့် ဝံသာနုရက္ခိတစိတ်ဓာတ်

နိုင်(မိတ္ထီလာ)

ဂျီစီဘီအေအဖွဲ့ကြီး တစည်းတလုံးတည်းရှိစဉ်က ဗြိတိသျှနယ်ချဲ့သမားကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဆန့်ကျင်လှုပ်ရှားခဲ့၍ ကျောင်းသားသပိတ်မှောက်ခဲ့သော ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်) နေ့ကို အမျိုးသားနေ့အဖြစ်သတ်မှတ်ခဲ့ကြသည်။

အမျိုးသားနေ့သို့ ရောက်တိုင်း ရောက်တိုင်း ပြည်သူအများသည် အမျိုးသားနေ့၏ အဓိပ္ပာယ်ဖြစ်သော မြန်မာတိုင်းရင်းသားများ ကျွန်စိတ်မှ သခင်စိတ်သို့ ပြောင်းလဲလာခဲ့သည့် စိတ်ဓာတ်အောင်မြင်မှုကြီးကို အခိုင်အမာရယူတည်ဆောက်မြဲဖြစ်သည်။ အမျိုးသားနေ့ကား တစ်မျိုးသားလုံးအတွက် ဇာတိမာန်ရင့်သန်ခဲ့သော သမိုင်းခေတ် တစ်ခေတ်ကို ထင်ဟပ်ဖော်ပြမြဲလည်းဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ် သိမ်းပိုက်ရာတွင် နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုကိုသာမက အသိပညာဆိုင်ရာ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာ အတတ်ပညာများကို သင်ကြားတတ်မြောက်စေသော အမျိုးသားပညာရေးတစ်ခုလုံးကို ဖျောက်ဖျက်ပစ်ခဲ့ကြလေသည်။ ထို့ကြောင့်ပင် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကိုအကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော အမျိုးသားပညာရေးတောင်းဆိုမှုတိုက်ပွဲဖြစ်သည့် ကျောင်းသားသပိတ်ကြီးဖြစ်ပေါ်ခဲ့သည်။ ဤသပိတ်ကြီးကား နယ်ချဲ့ဗြိတိသျှလက်အောက်သို့ လုံးဝကျရောက်ခဲ့ရသော ၁၈၈၅ ခုနှစ် နောက်ပိုင်း နယ်ချဲ့တို့ကို ပြန်လည်ခုခံခဲ့သော ၁၅ နှစ်ကြာ စစ်ပွဲပြီးဆုံးပြီးနောက် နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် တပ်လှန့်လိုက်သည့် ပထမဦးဆုံးသော နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးဖြစ်တော့သည်။ အမျိုးသားပညာရေးသည် ကျွန်ဘဝမှ လွတ်မြောက်ရေးကို ဦးတည်လျက် စာပေ၊ သမိုင်း၊ ပထဝီစသည့်အသိပညာရေးရာများကို ဝံသာနုရက္ခိတစိတ်ဓာတ် သို့မဟုတ် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိရေး၊ သခင်စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးအတွက် ဦးတည်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ကြေးရတတ်သားသမီးများကိုသာ အကျိုးပြု၍ အများစုဖြစ်သော တိုင်းရင်းသားများအား တက္ကသိုလ်အထက်တန်းပညာသင်ကြားနိုင်မှုကို ကန့်သတ်ထားခြင်း၊ တက္ကသိုလ်ကျောင်းအုပ်ချုပ်ရေးမှာလည်း ကျောင်းသားများအပေါ် ဖိနှိပ်လွန်းခြင်း၊ တက္ကသိုလ်မှ ဘွဲ့ရဦးရေ မထွက်နိုင်အောင် ချုပ်ကိုင်ထားခြင်း စသည့် ချုပ်ချယ်မှုအမျိုးမျိုးဖြင့် ရေးဆွဲထားလေရာ ၎င်းဥပဒေကြမ်းကို ဝေဖန်ကန့်ကွက်ခဲ့ကြသည်။ နိုင်ငံ့ခေါင်းဆောင်များ၊ ရဟန်းရှင်လူပြည်သူများက အပြင်းအထန်ကန့်ကွက်ဆန္ဒပြနေသည့်ကြားမှ ဗြိတိသျှအစိုးရသည် မည်သူ့ကိုမျှ အရေးမထားဘဲ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အဓမ္မအတည်ပြုခဲ့ပေသည်။ ထိုအချိန်က ကျောင်းသားများ အထူးသဖြင့် ကောလိပ်ကျောင်းသားများသည် နိုင်ငံရေးကို ကိုယ်ထိလက်ရောက်ဝင်ရောက်မဆောင်ရွက်သော်လည်း ကမ္ဘာ့နိုင်ငံအရေးနှင့် အိန္ဒိယနိုင်ငံတွင် မဟတ္တမဂန္ဒီဦးစီးသော အနုနည်းဖြင့် အာဏာဖီဆန်နေပုံများ၊ အမျိုးသားကောလိပ်၊ အမျိုးသားကျောင်းများ တည်ထောင်ခြင်း စသောလုပ်ငန်းများကို မျက်ခြည်မပြတ်လေ့လာနေကြသောအချိန်ဖြစ်သည်။

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၉၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၉ ရက်)တွင် ကူရှင်အထက်တန်းကျောင်းမှ ကျောင်းသားများသည် တညီတညွတ်တည်း ကျောင်းမတက်ကြတော့ဘဲ ရွှေတိဂုံစေတီတော်အရှေ့ဘက် ဦးဖေ၏ခြံအတွင်းသို့ စီတန်းချီတက်ကာ သပိတ်မှောက်လိုက်ကြသည်။ အကြောင်းမှာ ထိုနှစ် တန်ဆောင်တိုင်ပွဲတော်တွင် ဗုဒ္ဓဘာသာဝင်ကျောင်းသားများ ခါတိုင်းနှစ်ကဲ့သို့ ကျောင်းမတက်ဘဲနေသည်ကို ကျောင်းအုပ်ကြီး မစ္စတာဟတ္တာစလေကကျောင်းသားတစ်ဦးလျှင် ဒဏ်ငွေငါးကျပ်စီရိုက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ကျောင်းသားတို့က လေးပဲ(တစ်မတ်)သာ ဒဏ်ငွေထားရန်တောင်းဆိုရာ ဆရာကြီးက နှစ်ကျပ်လျှော့ပြီး သုံးကျပ်ဒဏ်ထားသဖြင့် သပိတ်မှောက်ကြခြင်းဖြစ်သည်။ ကူရှင်ကျောင်းသားများက တိုင်းပြည်သို့တင်ပြရာ၌ ဗုဒ္ဓဘာသာအင်္ဂလိပ်စာသင်ကျောင်းတစ်ခု တည်ထောင်ဖွင့်လှစ်ပေးရန် ပန်ကြားချက်လည်းပါဝင်သည်။ ဤအချက်က ဗြိတိသျှလက်အောက်တွင် မြန်မာတိုင်းရင်းသားတို့ ပညာရေးဖိနှိပ်ခံရပုံ ခေတ်ကြေးမုံဖြစ်ကြောင်း ပြဆိုနေပါသည်။

**❖ ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ပေါ်ရှိ ယောက်ျားလေးကျောင်း၊ မိန်းကလေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဗဟန်းသို့စုရုံးရောက်ရှိလာသည်။ ရန်ကုန်တက္ကသိုလ်သပိတ်သည် ရန်ကုန်ကျောင်းပေါင်းစုံပါဝင်သော သပိတ်ထိကျယ်ပြန့်ခဲ့သည့်နည်းတူ ဒီဇင်ဘာ ၁၆ ရက်ထိ မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ လက်ပံတန်း၊ သာယာဝတီ စသောမြို့များသို့ သပိတ်အရေးတော်ပုံကူးစက်သွားကာ ကျောင်းပေါင်း ၄၄ ကျောင်း ပါဝင်လာသည်ထိဖြစ်သည်။ သပိတ်မှောက်ကောင်စီခေါင်းဆောင်များက ဒီဇင်ဘာ ၁၇ ရက်မှစ၍ ဗဟန်းရှိ အားလပ်သည့်ဇရပ်တိုင်းတွင် ပထမတန်းမှ ဒသမတန်းထိ ကျောင်းသားများအတွက် အတန်းစဉ်များခွဲကာ ကျောင်းစဖွင့်သည်။ ❖**

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသားပေါင်း ၆၀၀ ခန့် ဗဟန်းဦးအရိယကျောင်းတိုက်သို့ စုဝေးရောက်ရှိလာကြသည်။ ထို့နောက် ကျောင်းနှစ်ကျောင်းမှ ကိုယ်စားလှယ်များပါဝင်သော ၂၆ ဦးကော်မတီကိုရွေးချယ်ကာ တာဝန်အရပ်ရပ်ကို လွှဲအပ်လိုက်သည်။ ဒီဇင်ဘာ ၅ ရက် နေ့လယ်တွင် ကိုဘဦး၏နေအိမ်၌ စည်းဝေးပွဲပြုလုပ်နေစဉ် ကျောင်းသားတစ်ဦးရောက်ရှိလာပြီး သပိတ်မှောက်မည့်အရေးကို ဆရာကြီးသိရှိသွားကြောင်း၊ ဒီဇင်ဘာ ၆ ရက် တနင်္လာနေ့ ကျောင်းတက်သောအခါ ဆုံးမစကားပြောကြားမည်ဖြစ်ကြောင်း သတင်းပို့လာသည်။ ဆရာကြီးက ဖျောင်းဖျလျှင် အစီအစဉ်ပျက်သွားမည်စိုးသဖြင့် ဒီဇင်ဘာ ၇ ရက်ထိ စောင့်ဆိုင်းမနေတော့ဘဲ။ ချက်ချင်းပင် သပိတ်မှောက်ကြရန်ဆုံးဖြတ်၍ အစီအစဉ်ကို လျှပ်တစ်ပြက်အကောင်အထည်ဖော်လိုက်လေသည်။ ဤသို့ဖြင့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်)တွင် ဗြိတိသျှတို့၏ ကိုလိုနီပညာရေးကိုမြေလှန်၍ အမျိုးသားပညာရေးဖြင့် အစားထိုးနိုင်ရန် ရှေးဦးကြိုးပမ်းချက်ဖြစ်သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို စတင်သပိတ်မှောက်လေတော့သည်။ ထိုနေ့ ညနေ ၄ နာရီခန့်တွင် ဗဟန်းရွှေကျင်ကျောင်းတိုက်သို့ ကျောင်းသားများတဖွဲဖွဲရောက်ရှိလာပြီး ကျောင်းတိုက်တစ်ခုလုံး ပြည့်လျှံသွားလေသည်။ ထိုညတွင် ခေါင်းဆောင် ၂၆ ဦးနှင့် သပိတ်မှောက်ကျောင်းသားများ အထူးပင် အလုပ်ရှုပ်ကြသည်။

ဤအခြေအနေတွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ဒီဇင်ဘာ ၁ ရက်၌ အတည်ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်သည် ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်တက္ကသိုလ်ကိုဖွင့်လှစ်ရန် ကြေညာထားသည်။ ရန်ကုန်ကောလိပ်မှ ကျောင်းသားတို့အနေဖြင့်ကား ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် အမျိုးသားတို့ကို နှောင်ကြိုးဖြင့်အစဉ်ချုပ်နှောင်ထားရန် ဗြိတိသျှအစိုးရက ဖန်တီးထားသည့် လက်နက်ကောင်းတစ်ခုဖြစ်သည်ဟု မမိုတ်မသုန်ယုံကြည်လျက်ရှိကြသည်။ ထို့ကြောင့် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီးတို့သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပျက်စီးသွားရန်နှင့် ထိုအက်ဥပဒေအရ တက္ကသိုလ်မဖွင့်ဖြစ်ရန်၊ မြန်မာအမျိုးသားတို့၏ အစီအမံဖြင့် အမျိုးသားတက္ကသိုလ်တည်ထောင်ရန်တို့ကို စိတ်အားထက်သန်စွာ တွေးတောကြံဆခဲ့ကြသည်။ သို့နှင့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်(ဒီဇင်ဘာ ၃ ရက်)နေ့လယ်တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံကုန်းတော်ပေါ် စနေထောင့်တွင် တက္ကသိုလ်ကျောင်းကို သပိတ်မှောက်ရေးအတွက် လျှို့ဝှက်တိုင်ပင်ကြသည်။ ကိုဘရှင်၊ ကိုညီပိတ်၊ ကိုဖိုးကွန်း၊ ကိုအေး၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်၊ ကိုဘခင်၊ ကိုအောင်ဒင်၊ ကိုဘဦး ဟူသော ခေါင်းဆောင် ၁၁ ဦး အချိန်အတန်ကြာ ဆွေးနွေးပြီးနောက် အမိနိုင်ငံ၏ ဂုဏ်သိက္ခာကို ကယ်တင်ရေးအတွက် ကောလိပ်ကျောင်းများကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြသည်။ နောက်မဆုတ်တမ်းဆောင်ရွက်ရန် သစ္စာပြုချက်များကို အင်္ဂလိပ်ဘာသာဖြင့် စာရွက်သုံးရွက်တွင်ရေး၍ ၁၁ ဦးစလုံး လက်မှတ်ရေးထိုးလိုက်ကြသည်။

ဒီဇင်ဘာ ၄ ရက် ညနေ ၃ နာရီ မိနစ် ၃၀ တွင်

ကျောင်းသားခေါင်းဆောင်တချို့သည် ရန်ကုန်မြို့တွင်းသို့ လှည့်လည်၍ တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် ရိုက်နှိပ်ထားသောကြော်ငြာများ လိုက်ကမ်းသည်။ အော်ဟစ်ကြွေးကြော်ကြသည်။ လမ်းမတော်တရုတ်ကပြားများ ပုညကုသလအသင်းတိုက်ရှေ့ ဇာတ်ပွဲတစ်ခု၌ ကိုဘဦးနှင့် ကိုထွန်းဝင်းတို့သည် ဇာတ်ခုံပေါ်တက်၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေမကောင်း၍ ကျောင်းသားများသပိတ်မှောက်ပြီဖြစ်ကြောင်း မိဘများက သားသမီးများကို ကျောင်းသို့မလွှတ်ရန် ဟောပြောကြသည်။ ပွဲ့နွန်တောင်ရပ် အငြိမ့်ကပွဲတစ်ခု၌လည်း ပရိသတ်ကိုတောင်းပန်၍ ဤနည်းအတိုင်း ဟောပြောကြသည်။

"ပညာရေးကိုစောင့်ရှောက်ကြပါ။ မြန်မာလူမျိုးတွေ ကောလိပ်ကျောင်းကိုမတက်ကြပါနှင့် မြန်မာလူမျိုးတွေ"ဟူသော လှုံ့ဆော်စကားများသည်လည်း တစ်မြို့လုံးပဲ့တင်ထပ်လျက်ရှိသည်။ ဒီဇင်ဘာ ၆ ရက်တွင် ကျောင်းသားများ၏သပိတ်လှုပ်ရှားမှုသည် ရာနှုန်းပြည့်အောင်မြင်လေသည်။ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်၌ ကျောင်းသားများမရှိသလောက်နည်းပါးသွား၏။ မြို့မိမြို့ဖပြည်သူများနှင့် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်တို့သည် သပိတ်စခန်းသို့လာရောက်၍ ကူညီကြသည်။ ထို့ကြောင့်ပင် ဆာရယ်ဂျီနယ်ကရက်ဒေါက်ကိုယ်တိုင် ဒီဇင်ဘာ ၇ ရက်တွင် ယူနီဗာစီတီဖွင့်ပွဲကို မဖွင့်ဖြစ်တော့ဘဲ ရွှေ့ဆိုင်းလိုက်ရသည်။

ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ပေါ်ရှိ ယောက်ျားလေးကျောင်း၊ မိန်းကလေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဗဟန်းသို့စုရုံးရောက်ရှိလာသည်။ ရန်ကုန်တက္ကသိုလ်သပိတ်သည် ရန်ကုန်ကျောင်းပေါင်းစုံပါဝင်သော သပိတ်ထိ ကျယ်ပြန့်ခဲ့သည့်နည်းတူ ဒီဇင်ဘာ ၁၆ ရက်ထိ မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ လက်ပံတန်း၊ သာယာဝတီ စသောမြို့များသို့ သပိတ်အရေးတော်ပုံကူးစက်သွားကာ ကျောင်းပေါင်း ၄၄ ကျောင်း ပါဝင်လာသည်ထိဖြစ်သည်။ သပိတ်မှောက်ကောင်စီခေါင်းဆောင်များက ဒီဇင်ဘာ ၁၇ ရက်မှစ၍ ဗဟန်းရှိ အားလပ်သည့်ဇရပ်တိုင်းတွင် ပထမတန်းမှ ဒသမတန်းထိ ကျောင်းသားများအတွက် အတန်းစဉ်များခွဲကာ ကျောင်းစဖွင့်သည်။ နယ်အသီးသီးရှိ သပိတ်မှောက်ကျောင်းသားများထံသို့လည်း ကျောင်းများဖွင့်၍ စာသင်ရန်ညွှန်ကြားသည်။ ထိုအချိန်တွင် အာဏာပိုင်တို့က သပိတ်မှောက်ကျောင်းသား၊ ကျောင်းသူများ ရန်ကုန်တက္ကသိုလ်သို့ ဒီဇင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ ကျောင်းပြန်ဝင်ရန် မလိုက်နာက ကျောင်းထုတ်မည်ဟု ကြေညာသည်။ ထို့နောက် ဂျီစီဘီအေခေါင်းဆောင်များ၊ ပြည်သူများနှင့် သပိတ်မှောက်ကျောင်းသားအားလုံးတို့သည် ဒီဇင်ဘာ ၁၉ ရက်တွင် ရွှေတိဂုံစေတီတော်မြောက်ဘက်စောင်းတန်း၌ ပြည်လုံးကျွတ်အစည်းအဝေးကြီးပြုလုပ်သည်။ ၎င်းအစည်းအဝေးကြီးက "မြန်မာနိုင်ငံတိုင်းရင်းသား ယူနီဗာစီတီသိပ္ပံကျောင်းတော်ကြီးကို မဖြစ်မနေတည်ထောင်ကြရန်"တစ်ခဲနက်ဆုံးဖြတ်ကြ၏။ ဒီဇင်ဘာ ၂၀ ရက်တွင် ရွှေကျင်ကျောင်းတိုက်၌ အစည်းအဝေးကျင်းပပြီး အာဏာပိုင်တို့၏ အပြုအမူကိုမကျေနပ်ကြောင်း ဆန္ဒပြသည့်အနေဖြင့် မိမိတို့အမည်များကို ကောလိပ်ကျောင်းဝင်စာရင်းမှ နုတ်ပယ်လိုက်ကြရန် အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းများပြုလုပ်၍ ဆုံးဖြတ်အတည်ပြုလိုက်သည်။

သပိတ်မှောက်ကျောင်းသားများသည် မိမိတို့၏ ကိုယ်ကျိုးကို စွန့်လွှတ်ထားကြသူများပီပီ အဆင်းရဲအပင်ပန်းခံလျက် အမျိုးသားပညာရေးလှုပ်ရှားမှုကို ဆက်လက်ကြိုးပမ်းနေခဲ့ကြသည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လအတွင်း၌ ဗဟန်းဦးအရိယကျောင်းတိုက်တွင် အမျိုးသားကောလိပ်သိပ္ပံကျောင်းကြီးကိုဖွင့်လှစ်နိုင်ခဲ့ပြီး သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ် ဦးဘချို စသူတို့က စေတနာ့ဝန်ထမ်းသင်ကြားပေးခဲ့သည်။ သပိတ်မှောက်ခေါင်းဆောင်တို့၏ ရည်မှန်းချက်ကား ပြည့်ဝခဲ့လေပြီ။

သို့ဖြစ်ရာ မိမိတို့၏ အမျိုးသားရေးစိတ်ဓာတ်နှင့် စပ်လျဉ်းလာလျှင် အနည်းငယ်မျှခေါင်းငုံ့ခံလေ့မရှိသော သမိုင်းအစဉ်အလာကို ထိုစဉ်က အမျိုးသားပညာရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသော ဝံသာနုရက္ခိတစိတ်ဓာတ်ရှိသူတိုင်း သိနားလည်ပြီးဖြစ်သကဲ့သို့ "ကျွန်ုပ်တို့ ကြိုးပမ်းဆောင်ရွက်နေသော အမျိုးသားပညာရေးလှုပ်ရှားမှု၏အမြင့်မားဆုံး ရည်မှန်းချက်သည် အမျိုးသားလွတ်မြောက်ရေးပင်ဖြစ်သည်"ဟူသော ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ်ကြီး၏ ရည်ရွယ်ချက်သည်လည်း အစဉ်အလာကောင်းသော သမိုင်းတစ်ချပ်အဖြစ် ယခုကျရောက်သော ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မှ နောင်ကာလများစွာတိုင် သမိုင်းတွင်နေလိမ့်မည်ဖြစ်ပါတည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့် ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ကြို့ပင်ကောက်မြို့နယ်၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကတတ်ကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗညားနှင့်ဝန်ထမ်းများက ကတတ်ကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျေးရွာလမ်းရေရှည်အသုံးပြုနိုင်ရေး ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားခဲ့သည်။

ကတတ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အရှည်ပေ ၁၁၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့်သုံးပေရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စီမံကိန်းတာဝန်ခံအင်ဂျင်နီယာများက နည်းပညာပံ့ပိုးကာ ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်



ရာ ကျေးရွာရှိ အိမ်ခြေ ၅၇ အိမ်၊ လူဦးရေ ၂၃၀ တို့မှာ လက်ရှိတွင် အဆိုပါလမ်းကို အသုံးပြုနေပြီဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗညားက ပြောပြ၍ သိရသည်။

**ကိုညီ**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ဒဂုံနဲ့အတူ ဂုဏ်ယူလိုက်ပါ . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

## Myanmar Mobile Money (MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊
လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ ရွှေသာလျောင်းစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရန် နှိုးဆော်လွှာ

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်ရှိ **ရွှေသာလျောင်းစေတီတော်မြတ်ကြီး** လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းကို ၁၃၈၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊ (၁၇-၁၁-၂၀၂၂)ရက်နေ့မှစတင် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကုသိုလ်ရှင်များမှ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ပန်ကြားအပ်ပါသည်။

**"ဆက်သွယ်လှူဒါန်းနိုင်သည့်နေရာများ"**

ဂေါပကအဖွဲ့ရုံး
ရွှေသာလျောင်းဘုရား၊ ရွှေမုဋ္ဌောဘုရား၊ ကျောက်ဆည်မြို့
၀၉-၂၅၆၂၄၉၉၉၆၊ ၀၉-၄၀၂၅၂၄၉၂၁၊ ၀၉-၂၀၀၇၅၇၀

## မုန့်စက်ရုံ မုန့်ထုတ်အကူဝန်ထမ်း အလိုရှိသည်

- အမျိုးသမီး (၅)ဦး
- ပညာအရည်အချင်းမလို။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။
- မှတ်ပုံတင်မူရင်းရှိရမည်။
- စားရိတ်မငြိမ်း၊ နေစရာပေးမည်။
- 09-768070029 , 09-2007275

သင့် သွေး ဖြင့် အသက် ကယ်ပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

### မိသားစုနှင့်မသက်ဆိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်း၊ပုသိမ်ကြီးမြို့နယ်၊အုန်းချော၊အမှတ်(၅)ရပ်ကွက်နေ ဒေါ်ခင်လေးလှိုင်၏သားမက်ဖြစ်သူမဇာနည်ခင်မောင်ညွန့်၏ခင်ပွန်း၊ ကိုစည်သူအောင် (ဘ)ဦးမောင်တူး(၅/ထခန(နိုင်)၀၆၆၈၅၁) ကိုင်ဆောင်သူသည် မိသားစုအရှက်ကွဲသိက္ခာကျသည့်လုပ်ရပ်များ အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် နေအိမ်မှ ရွှေထည်ပစ္စည်း (၅)ကျပ်သားခန့်ယူဆောင်၍ ၂၉-၁၀-၂၀၂၂ ရက်တွင် နေအိမ်မှထွက်သွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော မည်သည့်အရှုပ်အရှင်းကိစ္စများကိုမှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကိုစည်သူအောင်နှင့် မိမိတို့မိသားစုလုံးဝသက်ဆိုင်မှုမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးလှိုင်**
**(၉/ပသက(နိုင်)၀၂၆၃၃၇)**
**၀၉-၇၈၇၅၂၇၆၆၁**

### ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နယ်နေ ဖေပျာမင်း (ဘ) ဦးစိန်ဌေး (၁၄/မအန(နိုင်)၁၈၉၂၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၆ ၂၅၉၅၄

### ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နေ ချိုမင်းဦး(ဘ) ဦးမျိုးသူ (၁၄/ကကထ(နိုင်)၂၁၃၅၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၉၃၈၇၉၇၆

### ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နေ ရဲလင်းနိုင် (ဘ) ဦးမောင်ငြိမ်း (၁၄/ကကထ(နိုင်)၂၃၄၂၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၉၄၇၇၅၆၃

### ပျောက်ဆုံးကြောင်း

ဟသာတမြို့နေ ရဲထက်ပိုင် (ဘ) ဦးနိုင်ဦး (၁၄/ဟသတ(နိုင်)၃၂၂၅၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၄၈၈၃၈၉၇

### ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ ဝင်းထွန်းလှိုင် (ဘ) ဦးစန်းလှိုင် (၁၄/မအပ(နိုင်)၁၉၃၇၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၅၃၃၆၅၉

### ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နေ ထက်ထက်လှိုင် (ဘ) ဦးမောင်ငြိမ်း (၁၄/ကကထ(နိုင်)၂၀၃၁၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၅၅၄၃၆၈

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့် -

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများခံစားလာရသည်နှင့်အမျှ စီးပွားရေး လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့်ကိုက်ညီသည့်ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်...

❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့်လူသားအရင်းအမြစ်များပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) ဖွင့်ပွဲအခမ်းအနားကျင်းပ




**၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများ အမှတ်တရ ရုပေါင်းဓာတ်ပုံရိုက်စဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ စီစဉ်၍ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့မှ အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ Mytel Operator မှ တာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ အင်းဝဘဏ်လီမိတက်မှ **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်ထွက်ဂိတ်ပေါက်ရှိ ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်ထွက်ပေါက်ဂိတ်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံအတွင်းနှင့် အပြင်ဘက်တို့တွင် အကြမ်းဖက်သမားများ၏ ပါဆယ်ထုပ်များအတွင်း မိုင်းများထည့်သွင်းဖောက်ခွဲခဲ့မှုကြောင့် တာဝန်ဝတ္တရားများဆောင်ရွက်လျက်ရှိကြသည့်အကျဉ်းထောင်ဝန်ထမ်းသုံးဦးနှင့်အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူ **စာမျက်နှာ ၂၁ ကော်လံ ၁** ■

**မြိုင်ဆိုင် ဆင်နွဲ**

**တပ်မတော်**

**(ကြည်း၊ ရေ၊ လေ)**

**အားကစားပြိုင်ပွဲ**

ဆောင်းပါး *စာမျက်နှာ - ၂၀*

**တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

*စာမျက်နှာ - ၁၉*

**ငါန်းဌွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းထောင် ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရရှိ**

*စာမျက်နှာ - ၂၃*

